ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ စနေနေ့၊ (28-8-2004) (၄၃၃၉)

သမဏာနဥ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါသည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဇယ်ဂျ်ကိုစင်ဘာအား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ခရိုအေးရှား သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဇယ်ဂျ်ကိုစင်ဘာသည် ယနေ့နံနက် ၁၀နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၈-၂၀၀၄
(စနေနေ့)

အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ အလယ်တွင် ဂုဏ်သိက္ခာ တင့်တယ်မြင့်မားစွာ ရင်ပေါင်တန်းရပ်တည်နိုင်ရေး အတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားဖြင့် ကြိုးပမ်းတည် ဆောက်လျက်ရှိသည့် အချိန်ကာလဖြစ်သည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသား အားလုံး၏ တက်ကြွသော ပူးပေါင်းပါဝင်မှု စွမ်းအားကို အားထားဆောင်ရွက် လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအားလုံး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်း ချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး အကောင်အထည် ဖော်လျက်ရှိသည်။

အမျိုးသား ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပမာဏနှင့် အရည်အသွေးပါ တိုးမြှင့်ပေးနိုင်ရေး အတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများချမှတ်ပြီး စနစ်တကျဖြည့်ဆည်း ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့မြှင့်တင်ပေး ခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ တိုးမြှင့်ခန့်ထားခြင်းတို့ဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် ဆေးပညာရှင်များ၏ ကုသမှုလုပ်ငန်းများ၌ အဆင့်မြင့်ဆောင်ရွက်နိုင်ရန် ခေတ်မီမေ့ဆေးစက်၊ ခွဲစိတ်ခန်းသုံး ပစ္စည်း ကိရိယာများနှင့် လိုအပ်ချက်များကို အဘက်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိ သည်။ ထို့ကြောင့်ပင် မြန်မာဆေးပညာရှင်များအနေဖြင့် ထူးခြားသော ခွဲစိတ်ကုသမှုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု ကို ဩဂုတ်လ ၂၅ရက်နေ့က ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသ ဆောင်ရွက်ပေးမှုကို ကြည့်ရှု အားပေးပြီး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ခွဲစိတ် အထူးကုဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှု ကို အောင်မြင်စွာဆောင်ရွက်ရာတွင် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှဦးဆောင်သော ပါမောက္ခများ၊ ကထိကများ၊ သမားတော် ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်နှင့် သူနာပြုများက ဝိုင်းဝန်းကူညီပူးပေါင်း ပါဝင်ခဲ့ကြသည်။

ယခုကဲ့သို့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဆောင်ရွက်နိုင်ခြင်းသည် မြန်မာနိုင်ငံတွင် ဆေးပညာရှင်များအနေဖြင့် ပထမဆုံးအကြိမ် အောင်မြင်စွာ ကြိုးပမ်းနိုင်ခဲ့ခြင်းဖြစ်၍ နိုင်ငံတော်က ဂုဏ်ပြုမှတ်တမ်းတင်သည့် နည်းတူ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းတစ်ရပ်ပင် ဖြစ်သည်။

မြန်မာနိုင်ငံဆေးပညာရှင်များ၏ အောင်မြင်မှုသမိုင်းကိုကြည့်လျှင် ရင်ချင်းဆက်အမွှာညီအစ်မ အေးအေးငြိမ်းနှင့် အိအိငြိမ်းတို့ကို ၁၉၉၃ ခုနှစ်က ရန်ကုန်မြို့၌လည်းကောင်း၊ ခွဲစိတ်ကုသရန် ခက်ခဲသည့် ကိုယ်ချင်း ဆက်အမွှာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင်တို့ကို ၂၀၀၂ ခုနှစ်က မန္တလေးမြို့၌လည်းကောင်း အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း တွေ့ရ သည်။ အဆိုပါ ခွဲစိတ်ကုသမှုသည် နိုင်ငံတကာအဆင့်မီ ခွဲစိတ်ကုသမှုဖြစ်ပြီး ကမ္ဘာတွင် ၁၉ တွဲမြောက် ခွဲစိတ်ကုသမှုဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ၏ အားပေးကူညီပံ့ပိုးမှုများနှင့်အတူ မြန်မာဆေးပညာရှင်များက နိုင်ငံနှင့်လူမျိုး အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ထူးခြားအောင်မြင်သော ခွဲစိတ်ကုသမှု လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားနိုင်မည်ဖြစ်ကြောင်း ကြေးမုံက ယုံကြည်ပါသည်။ ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြင့်မိုရ်လမ်းအမှတ် (၁၈) နေ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး(ငြိမ်း) ဦးငွေထွန်း၊ ဇနီး ဒေါ်ညွန့်ညွန့်တင် မိသားစုတို့က ဒေါ်ညွန့်ညွန့်တင်၏ (၇၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ဩဂုတ် ၂၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

Introducing Golden Myanmar ပွဲတော်ကျင်းပ

မြန်မာအသင်းကြီး (ယူကေ)က ကြီးမှူးကျင်းပသော Introducing Golden Myanmar ပွဲတော်တွင် မြန်မာအသင်းကြီး (ယူကေ) ၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအသင်းကြီး (ယူကေ)၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာ ကျော်ဝင်းနှင့်အဖွဲ့ မြန်မာအသင်းကြီး (ယူကေ) က ကြီးမှူးကျင်းပသော Introducing Golden Myanmar ပွဲတော်တွင် တိုင်းရင်းသား ဝတ်စုံများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၇

မြန်မာအသင်းကြီး(ယူကေ)၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်းအမှူးပြု၍ မြန်မာအသင်းကြီး (ယူကေ)က ကြီးမှူးပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ Colindale ရပ်ကွက် Edgware လမ်းမပေါ်ရှိ Oriental City Shopping Centre လူစည်ကားရာ မိုးလုံလေလုံဈေးကြီး၌ Introducing Golden Myanmar ပွဲတော်ကို မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် ရေမြေတောတောင် သဘာဝများအကြောင်း၊ မြန်မာ့အစားအစာများနှင့် လက်မှုပညာများအကြောင်းကို နိုင်ငံခြားသားများ ပိုမိုသိရှိစေရန် ရည်ရွယ်ကာ ၂၀၀၄ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၁ ရက်အထိ ကိုးရက်ကြာမျှ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

လူမှုရေးအသင်း

မြန်မာအသင်းကြီး(ယူကေ) သည် ဗြိတိန်နိုင်ငံရောက် မြန်မာလူမျိုးများ၊ မြန်မာပြည်ဖွား နိုင်ငံခြားသားများ၊ မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံအပေါ် စိတ်ကောင်းစေတနာကောင်းရှိကြသည့် နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် လူမှုရေးအသင်းကြီး ဖြစ်သည်။

Introducing Golden Myanmar ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအသင်းကြီး (ယူကေ) ၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်း၊ The Worshipful the Mayor of the London Borough of Brent Councillor Ahmad Shahzad နှင့် မြန်မာ အမျိုးသားဝတ်စုံ ဝတ်ဆင်ထားသော Oriental City Shopping Centre ပိုင်ရှင် Mr. Roland Lim တို့က Introducing Golden Myanmar ပွဲတော်ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း အသီးသီးအဖွင့်အမှာစကားပြောကြား ကြပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။ ဖွင့်ပွဲသို့ ဗြိတိန်နိုင်ငံရောက် မြန်မာများ၊ အာဆီယံနိုင်ငံ သံရုံးများမှ မိတ်ဆွေများ၊ ဗြိတိသျှများ၊ မြန်မာ ပြည်ဖွား အင်္ဂလို-မြန်မာများ တက် ရောက်ကြပြီး မြန်မာ့ရိုးရာ အဆို၊ အကများ၊ မြန်မာ့ရိုးရာဇာတ်သိုင်း စွမ်းရည်များဖြင့်ဖျော်ဖြေ၍ မြန်မာ့ အစားအစာများဖြင့် တည်ခင်းဧည့်ခံ သည်။

ပွဲတော်ရက်

ပွဲတော်ရက်များအတွင်း ဗီဒီယိုဖြင့် မြန်မာ့ရိုးရာ အဆို၊ အကများ၊ မြန်မာ့ ရှုခင်းများပြသ၍မြန်မာနိုင်ငံ အကြောင်း လက်ကမ်းစာစောင်များကို အခမဲ့ဖြန့် ဝေပြီး မြန်မာ့အစားအစာ အရောင်းဆိုင် များ၊ မြန်မာ့လက်မှုပစ္စည်းအရောင်း ဆိုင်များ၊ မြန်မာပြည်ထွက် လက်ဝတ် ရတနာအရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ် ရောင်းချသည်။

ဩဂုတ် ၁ ရက် ညနေပိုင်းတွင် Introducing Golden Myanmar ပွဲတော်ပိတ်ပွဲအခမ်းအနားကို မြန်မာ့ ရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေ၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ် ဩဂုတ်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉-၈-၂၀၀၄ရက်နေ့

၂၀၀၄ခုနှစ် စက်တင်ဘာလအတွက် ၁၂-၉-၂၀၀၄ရက်နေ့

နှင့်

၂၆-၉-၂၀၀၄ ရက်နေ့

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘကြီးဖြိုးကိုနိုးဆွသူ

★ သူတို့ကျတော့ **ချဲ့**
ဒို့ကျတော့ **ဖဲ့**
တကယ့်လူတွေ။
★ သူတို့ကျတော့ **တွဲ**
ဒို့ကျတော့ **ခွဲ**
နည်းနည်းမှမတရားဘူး။
★ လူ့အခွင့်အရေးတွေလဲပြော
ဘာသဘောလဲ
တကယ်တဲကွာ
သူတို့ဟာက
ပိတ်သာထားလိုက်
ငါစိတ်အိုက်တယ်။
★ အနေအေးရိုး
ဘကြီးဖြိုးကို
လှုပ်နိုးထိုးဆွ
ဒေါသဖောက်ခွဲ
ဘယ်သူလဲဟေ့…။
★ မေးကြည့်လိုက်ရာ
အနောက်မီဒီယာ…တဲ့။

ဖိုးဝ

အဖြူကို အမည်းဟု မြင်နေကြသူတို့အကြောင်း

မောင်ပွင့်လင်း

အဖြူရောင်ပစ္စည်းတစ်ခု ဆွတ်ဆွတ်ဖြူနေပါလျက် အမည်းဟု မြင်လျှင် ထိုသူသည် အရောင်ကန်းသူ (Colour blind) တစ်ဦး၊ သို့မဟုတ် အမြင်မှန် မရှိသူတစ်ဦး၊ သို့မဟုတ် မျက်စိအာရုံချို့တဲ့သူတစ်ဦးသာလျှင် ဖြစ်ပေလိမ့်မည်။

အရောင်ကန်းသူလည်း မဟုတ်၊ မျက်စိအာရုံချို့တဲ့ ချွတ်ယွင်းသူလည်း မဟုတ်၊ ရိုးရိုးသားသား အမြင်မှား၊ ထင်မှတ်မှားသူလည်း မဟုတ်ဘဲ အဖြူကို အမည်းဟုဆိုသူ၊ သို့မဟုတ် အမည်းကို အဖြူဟုဆိုသူကား ဦးနှောက် သို့မဟုတ် စိတ်ထားနှလုံးသား ချို့တဲ့ချွတ်ယွင်းသူ၊ သို့မဟုတ် အဆိုးမြင်သူ Pessimistတစ်ဦး၊ သို့မဟုတ် မုသာဝါဒီ တမင် အမှန်သိလျက်နှင့် အမှားဟု ဇွတ်အတင်းဆိုနေသူ Liar တစ်ဦး ဖြစ်ပေမည်။

အဖြူကို အဖြူမှန်းသိလျက် အမည်းဟု ဖြောင်လိမ်ပြောဆိုသူသည် ဦးနှောက်ချွတ်ယွင်းသူမဟုတ်ပေ။ စိတ်ထားနှလုံးသား ချို့တဲ့ချွတ်ယွင်းသူ (စိတ်ထားယုတ်ညံ့သူ)တစ်ဦးပင် ဖြစ်လေသည်။ လူတို့တွင် တိရစ္ဆာန်တို့ထက်သာသော အရည်အသွေးတစ်ရပ်မှာ ဦးနှောက်အသိဉာဏ် ပိုမိုကောင်းမွန်ခြင်း၊ ထိုအသိဉာဏ်ကို ကျကျနန အသုံးချတတ်ခြင်းပင်ဖြစ်သည်။

အမှန်ကို မသိခြင်းမှာ အလင်းမရခြင်း၊ အမှောင်ဖုံးခံရခြင်းဖြစ်သည်။ လောကုတ္တရာ အသုံးအနှုန်းအရဆိုလျှင် မောဟဖုံးလွှမ်းခြင်းပင်ဖြစ်သည်။ အမှန်မသိ၊ အမှန်ကို မျက်ကွယ်ပြု၊ အမှားကို ဖက်တွယ်ထားသော သူသည် မောဟဖုံးလွှမ်းရုံမျှမက မှားယွင်းစွာ ဒေါသထွက်တတ်သည်။ တစ်ပြိုင်တည်းမှာပင် ဝိသမလောဘ ဝင်လာတတ်ပေသည်။ ဤသို့ အမှားအခြေခံသော လောဘ၊ ဒေါသ၊ မောဟ ဖုံးလွှမ်းသူများကို အမှောင်ထု လွှမ်းမိုးခံရသူ၊ အဝိဇ္ဇာဖုံးလွှမ်းခံရသူ၊ အလင်းမမြင်သူဟု ပြောရပေမည်။

အဖြူကို အမည်းဟု သိသိနှင့် ပြောနေသူတို့သည် ဒေါသမှား၊ လောဘမှား ဖုံးလွှမ်းခံနေရသူများ ဖြစ်နေသည်ကို တွေ့နိုင်ပေသည်။ မိမိတို့ ကိုယ်ကျိုးစီးပွားသက်သက်၊ အတ္တလွန်ဝါဒဖြင့် အကျိုးရလဒ်တစ်ခုခု မျှော်ကိုး၍ ဖြစ်စေ၊ ဒေါသအာဃာတ လွှမ်းမိုးခံရ၍ဖြစ်စေ အဖြူကို အဖြူမဟုတ် အမည်းပါဟု ပြောနေကြရသည်များကို တွေ့နေရပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံ၊ တစ်မြေပေါ် အတူဖွား သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုးတစ်ရာကျော် အရေအတွက်အားဖြင့် ၅၃ သန်းခန့်တို့၏ဆန္ဒ (ပင်လုံစိတ်ဓာတ်၊ ပင်လုံဆန္ဒ၊ ပင်လုံသန္နိဋ္ဌာန်) အရ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြီးဖြစ်လေသည်။

မသမာလောဘဖြင့် သူတစ်ပါးနိုင်ငံမြေနှင့် သယံဇာတ၊ ထွက်ကုန်များကို လုယက်သွေးစုပ်ရန်အတွက် ကျူးကျော်နယ်ချဲ့သော ကိုလိုနီဝါဒီတို့ လက်အောက်သို့မြန်မာနိုင်ငံသည် ရာစုနှစ်တစ်ခုခန့် ကျရောက်၍ သွေးစုပ်ခံခဲ့ကြရသည်။ ဖိနှိပ်ချုပ်ချယ် ခံခဲ့ကြရသည်။ မိမိတို့တွင် ရေကောင်း၊ မြေကောင်း၊ သယံဇာတ သဘာဝ အရင်းအမြစ်ကောင်း ပြည့်စုံပါလျက် မြန်မာတို့ ဆင်းရဲမွဲတေခဲ့ရသည်။ ဤသည်မှာ တိုင်းတစ်ပါးသား နယ်ချဲ့လက်အောက်၊ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသောကြောင့် ဖြစ်သည်။

ကိုယ့်နိုင်ငံနှင့် နိုင်ငံမြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်း သယံဇာတမျိုးစုံရှိပါလျက် ကိုယ်မပိုင်၊ ကိုယ်တိုင် ထွန်ယက်စိုက်ပျိုး၍ ထွက်လာသော ကောက်ပဲသီးနှံကိုပင် ကိုယ်မပိုင်ဖြစ်နေရသဖြင့် မြန်မာ တိုင်းရင်းသားတို့သည် နယ်ချဲ့ထံမှ လွတ်လပ်ရေးကို အသက်သွေးချွေးရင်းပြီး ပြန်လည်တိုက်ယူခဲ့ကြရသည်။

ဤသို့ဖြင့် နှစ်တစ်ရာတိုင်တိုင် ဆုံးရှုံးခဲ့ရသော မြန်မာ့လွတ်လပ်ရေး(ဝါ) မြန်မာတို့ ပိုင်ဆိုင်အပ်သော အချုပ်အခြာအာဏာ၊ တိုင်းခြားသားတို့ အဆီစားအသားမျိုခံနေရသော မြန်မာပိုင် ရေ၊ မြေ၊ သဘာဝသယံဇာတ အရင်းအမြစ်များ၊ ထူးထူးခြားခြား ကြွယ်ဝလှသော ပတ္တမြားကျောက်သံ၊ စပါးကောက်နှံများ၊ မြန်မာတို့၏ ကိုယ့်နိုင်ငံကောင်းကျိုး ကိုယ်ဖန်တီးခွင့်တည်းဟူသော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်(ဝါ) မြန်မာတို့သာ ပိုင်ဆိုင်အပ်သော မြန်မာ့လူဘောင်၏ အခြေခံလူ့အခွင့်အရေး ပိုင်ဆိုင်ခွင့်၊ သို့တည်းမဟုတ် မြန်မာပိုင် မြန်မာ့ ဒီမိုကရေစီကို မြန်မာတို့ ကျားကုတ်ကျားခဲ ပြန်လည်ရယူခဲ့ကြရသည်။

လွတ်လပ်ရေးဆုံးရှုံးရစဉ် တောင်ပေါ်၊မြေပြန့်ဒေသအနှံ့မှ တိုင်းရင်းသားများ လက်တွဲ၍ လွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းခဲ့ကြသည်။ ၁၈၂၄ ခုနှစ် (ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲ)၊ ၁၈၅၂ ခုနှစ် (ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ)၊ ၁၈၈၅ ခုနှစ် (တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲ)တို့တွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲ အလှမ်းဝေးသော ထိုတောင်ပေါ်၊မြေပြန့်တိုင်းရင်းသားများ တစ်ဦးနှင့် တစ်ဦး အချက်မပေး၊ ကြေညာစာမကမ်းရ၊ မလှုံ့ဆော်ရပါဘဲ ရရာလက်နက် စွဲကိုင်ပြီး သူ့ကျွန်မခံစိတ်ဓာတ် အလိုအလျောက် တူညီစွာ ပေါက်ဖွားလျက် နယ်ချဲ့ကို ခုခံတွန်းလှန်ခဲ့ကြသည်။

နယ်ချဲ့သမားတို့ ကောက်ကျစ်စွာ ကျင့်သုံးသော နည်းတစ်နည်းမှာ ၎င်းတို့ ကျွန်ပြုလိုရာနိုင်ငံ၏ ခုခံအားလျော့ပါးစေသော နည်းဖြစ်သည်။ ယင်းနည်းအရ ဒေသခံအချင်းချင်း သွေးခွဲမည်။ ဘိန်းဘင်းကဖော် စသည့် မူးယစ်စေသော အရာများဖြင့် ဖြားယောင်း၊ ကျူးသွင်းဖျက်ဆီးခြင်းဖြင့် အရက်သမား၊ ဘိန်းစားများ ထုပြောစေမည်။ မိမိတို့ အမျိုးသား ရိုးရာယဉ်ကျေးမှု၊ စရိုက်လက္ခဏာများ ကင်းပျောက်စေရန် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် သွေးဆောင်မည်။

မည်သို့ပင်ဆိုစေ နယ်ချဲ့ခုခံရေး၊ သူ့ကျွန်မခံ တိုက်ပွဲများတစ်လျှောက် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံး ခေတ်စဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီ၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်ကိုယ်စီဖြင့် သွေးစည်းညီညွတ်စွာ လွတ်လပ်ရေး ပြန်လည်ရရှိအောင် ကြိုးပမ်းခဲ့ကြသည်။ ဤသည်ကို အမျိုးသားနိုင်ငံရေးဟု ဆိုအပ်၏။

လွတ်လပ်ရေး ပြန်လည်ရသည်အထိ မြန်မာတို့၏ သွေးစည်းညီညွတ်မှု၊ ဖွဲ့သတ္တိတို့ကား နယ်ချဲ့သမားပင် တုန်လှုပ်ချောက်ချားခဲ့ရသည်။ ဤသည်မှာ မြန်မာတို့၏ ဂုဏ်၊ ဒြပ် အစစ်အမှန် အမွန်အမြတ် မြန်မာ့စိတ်ဓာတ်အရင်းခံ ဖြစ်သည်။

လွတ်လပ်ရေးရသည့်နောက် နယ်ချဲ့သွေးခွဲမှု၊ နိုင်ငံရေးဂိုဏ်းဂဏစွဲများ ခေါင်းထောင်လာမှု၊ မိမိတို့ အုပ်စု၊ ဂိုဏ်းဂဏအကျိုး၊ မိမိတို့ အာဏာရရေး အဓိကထားပြီး အချင်းချင်း သွေးချောင်းစီးအောင် တိုက်ခဲ့ကြသည်။ စင်စစ် ထိုပြည်တွင်း ရောင်စုံလက်နက်ကိုင်သောင်းကျန်းမှုကြီးသည်ပင် နယ်ချဲ့တို့ ဖြစ်စေချင်သည့်အတိုင်း ဖြစ်လာခဲ့ရခြင်းပင်။ "ယာလည်းညက်စေ၊ ကြက်လည်း ပန်းစေ"ဟူသည့် နယ်ချဲ့ဗျူဟာတစ်ရပ်ပင်ဖြစ်သည်။

ဤနေရာတွင် တစ်ခုဆင်ခြင်အပ်သော အကြောင်းတစ်ရပ်ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများတွင် နိုင်ငံရေးဝါဒစုံ ရှိနေရသည်။ ပါတီစုံ၊ ဝါဒစုံခြင်းသည် ဒီမိုကရေစီအင်္ဂါရပ်ဖြစ်သည်ဟု အနောက်နိုင်ငံကြီးများက ပုံစံသွင်းနေကြသည်။ ဝါဒစုံလေ အချင်းချင်း ဝိဝါဒကွဲလေ၊ ပဋိပက္ခဖြစ်လေဖြင့် ထိုနိုင်ငံများ ချည့်နဲ့လာစေရန် ရည်ရွယ်ကြခြင်းသာဖြစ်သည်။ ထိုအနောက် အင်အားကြီးထိပ်သီး(ကိုလိုနီလက်ဟောင်း၊ လက်သစ်ဝါဒီများ၏) နိုင်ငံများ၌မူ လက်ဝဲ ကွန်မြူနစ်၊ ဆိုရှယ်လစ်ဝါဒကို လုံးဝလက်မခံ၊ ကွန်မြူနစ်ပါတီကို ဒုတိယကမ္ဘာစစ် မဖြစ်ပွားမီကပင် မတရားသင်းကြေညာ ဖျက်သိမ်းပစ်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ကျန်နိုင်ငံများ၌ကား ဝါဒစုံ၊ ဗဟုဝါဒ (Pluralism) ရှိရမည်ဟု ပုံသွင်း(ကျောက်ချ)နေဆဲဖြစ်သည်။

မြန်မာတို့သည် ယခုအခါ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အေးချမ်းစွာ၊ ခေတ်မီဖွံ့ဖြိုးစွာ ရောက်ရှိအောင် ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ပြီး မဆုတ်မနစ် တည်ဆောက်နေပေသည်။ အမျိုးသားညီလာခံကြီး ပြန်လည် စတင်ကျင်းပခြင်းသည် ရှေ့လုပ်ငန်းစဉ်(၇)ရပ်အနက် နံပါတ်(၁) ပထမဆုံး ပွဲဦးထွက် လုပ်ငန်းစဉ်ဖြစ်ပေသည်။

သို့သော်လည်း ဆန်အမျိုးအစားကောင်းသည့်တိုင် စပါးလုံး၊ ခဲ၊ စက်ချေးများ ရောနှောနေလေ့ရှိသဖြင့် ဆန်ရွေးခြင်း၊ ဆန်ပြာခြင်းကို အလုပ်တစ်ခုပမာ လုပ်နေကြရသည့် သဘာဝအတိုင်း မြန်မာမျိုးချစ်အများစုအကြား ခဲ၊ သလဲ၊ အဖျင်း၊ အမှော်၊ စက်ချေး၊ ဆန်ပျက်များ တွေ့ရတတ်ပေသည်။ အချုပ်တန်း ဆရာဖေ၏ မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ အစချီ တေးထပ်မှ–

"မြန်မာချင်း ကြွားကြချင်၊
ဓားပြသွင် လူဆိုး၊ ကုလားမြင် သူ့အမေရိုးတော့မလိုပ
ခုမြေလျှိုးပုန်းရှောင်
ပြောရောဟဲ့ ရာဇဝင်ပြောင်အောင်
စာသင်တောင် ဒူးချလို့
ပလူးကြ ပြေးကြို့ခါခါ
ခွေးသို့ပမာ
တွေးမိတိုင်း အရိုးနာတယ်
အမျိုးပါ ဆဲချင်ပေါ့လေး"

ဟူသော ကဗျာကိုကြည့်ခြင်းအားဖြင့် အမျိုးသားသစ္စာဖောက်၊ သစ္စာမဲ့၊ ကိုယ်ကျိုးကြည့် နယ်ချဲ့အလိုတော်ရိများသည် သီပေါမင်း ပါတော်မူစမှာပင် ရှိနေခဲ့သည်ကို သတိပြုမိပါသည်။ ထိုစဉ်က နယ်ချဲ့မျက်နှာဖြူများကို ကုလားဖြူများ၊ မိစ္ဆာများဟု ရှေးမြန်မာတို့က ခေါ်ဝေါ် သုံးနှုန်းခဲ့ကြပေသည်။

မြန်မာမျိုးချစ်များ အဖမ်းခံ၊ ထောင်ချခံ၊ ကြိုးပေးခံ အသက်စွန့်ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စဉ် နယ်ချဲ့၏ ငါးထောင်စား အမတ်နေရာကို စားကျက်လု၊ စားခွက်လုနေသူများကိုလည်း အစဉ်အဆက် တွေ့ခဲ့ကြရပြီး ဖြစ်သည်။ နယ်ချဲ့တို့ ရတနာပုံနေပြည်တော်ကို သိမ်းယူရန် စစ်သင်္ဘောများဖြင့် ဆန်တက်ရာတွင် နယ်ချဲ့သင်္ဘောဦး၌ နယ်ချဲ့အလိုတော်ရိ စကားပြန် မောင်ဘသန်းကို မင်းညီမင်းသားဝတ်စုံဖြင့် ထိုင်ခိုင်းကာ မြစ်ကမ်းတစ်ဖက် တစ်ချက်မှ မြန်မာများကို နယ်ချဲ့တို့က လှည့်စားခဲ့သည်။

ဖက်ဆစ်တို့ သုံးနှစ်သုံးမိုး အုပ်စိုးသွားသောကာလများတွင်လည်း မျိုးချစ်တို့က ဖက်ဆစ်တော်လှန်ရေးအတွက် လုံးပမ်းနေစဉ် ဖက်ဆစ်ကင်ပေတိုင် သတင်းပေး အလိုတော်ရိ သစ္စာဖောက် လောက်ကောင်များရှိခဲ့သည်။ မြန်မာ့တော်လှန်ရေးသမားများကို ဖက်ဆစ်တို့ ဖမ်းဆီးညှဉ်းပန်း သတ်ဖြတ်နိုင်အောင် ထိုကင်ပေတိုင် အလိုတော်ရိများက သတင်းပေးခဲ့ကြသည်။

ပင်လုံညီလာခံ(၁၉၄၇)တွင် တိုင်းရင်းသားများ၏ သွေးစည်းမှု ပြသနိုင်ခဲ့၍သာ ပြည်ထောင်စု လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရခဲ့ခြင်းဖြစ်သည်။

ဤဆောင်းပါးအစတွင် တင်ပြခဲ့သည့်အတိုင်း အဖြူကို အမည်းမြင်သော အဆိုးမြင်ဝါဒီများကို မျက်မှောက်ကာလ၌လည်း တွေ့မြင်နေရပေသည်။ ထိုသူတို့သည် မိမိ အမိမြေ၊ မိခင်နိုင်ငံ၏ ကျေးဇူးတရားကို မစောင့်စည်း၊ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာဖောက်ကာ အချုပ်တန်းဆရာဖေ၏ တေးထပ်ပါ လောက်ကောင်များအတိုင်း နယ်ချဲ့ကိုလိုနီဝါဒီများထံ ပြေးကြို့ခါခါ ဖြစ်နေကြသည်။ ထိုသူတို့ကို စာနယ်ဇင်းများက ပြည်ပြေးများဟု ကင်ပွန်းတပ်သည်။ ပြည်သူ့သဘောထား လေးရပ်တွင်မူ ပြည်သူတို့က "ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီ"ဟု ကင်ပွန်းတပ်ထားသည်။

ယနေ့ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာလျက်ရှိသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခွန်အားသည်လည်း ပြည့်ဖြိုးကြံ့ခိုင်လျက်ရှိသည်။ နိုင်ငံအနှံ့ လမ်း၊ တံတား၊ ဆည်၊ တမံ၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံဆေးခန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ လူနေအိမ်ရာအသစ်များ လက်ညှိုးထိုးမလွဲ တိုးတက်ဖြစ်ထွန်းနေသည်။ နိုင်ငံစီးပွားရေးလည်း နည်းမှန်လမ်းမှန်ဖြင့် တိုးတက်လျက်ရှိသည်။ ဘာသာ၊ သာသနာရေး၌လည်း အံ့မခန်းတိုးတက်လာသည်။ မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ တိကျမှန်ကန်မှုကြောင့် နိုင်ငံတကာနှင့်လည်း ရင်းနှီးချစ်ကြည်စွာ အကျိုးတူကိစ္စရပ်များ၊ ဒေသအကျိုးစီးပွား၊ ကမ္ဘာ့အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မကြုံစဖူး ထူးထူးကဲကဲ ရရှိထားသော ငြိမ်းချမ်းတည်ငြိမ်မှု၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများ၏ ပကတိအဖြူရောင်ကို ပြည်ပြေး(ဝါ) ပုဆိန်ရိုး (ဝါ) ကိုယ့်ကိုယ်ကိုယ် ဒီမိုကရေစီလှုပ်ရှားသူ နာမည်ခံပြီး နယ်ချဲ့ကြေးစားဘဝ ရောက်ရှိနေသော အမျိုးသားသစ္စာဖောက်များက အမည်းရောင်ဟု ဆိုနေကြပေသည်။ ထိုအဆိုးမြင်သူတို့ အဆိုအရ မြန်မာနိုင်ငံကြီး တစ်ခုမှရစရာမရှိတော့ပေ။ နယ်ချဲ့ဝါဒဖြန့် မီဒီယာများကို သူတို့က အသုံးချလိုက်၊ နယ်ချဲ့မီဒီယာများက ပြည်ပြေးသစ္စာဖောက်များကို အသုံးချလိုက်နှင့် အတိုင်အဖောက်ညီနေကြပေသည်။

မြန်မာတို့သည် ယခုအခါ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အေးချမ်းစွာ၊ ခေတ်မီဖွံ့ဖြိုးစွာ ရောက်ရှိအောင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ် ချမှတ်ပြီး မဆုတ်မနစ် တည်ဆောက်နေပေသည်။ အမျိုးသားညီလာခံကြီး ပြန်လည်စတင်ကျင်းပခြင်းသည် မူဝါဒလမ်းစဉ် (၇)ရပ် အနက် နံပါတ်(၁) ပထမဆုံး ပွဲဦးထွက်လုပ်ငန်းစဉ် ဖြစ်ပေသည်။

ပြည်ပက မလိုတမာ ကိုလိုနီနယ်ချဲ့ဝါဒီများနှင့် အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးများ နည်းမျိုးစုံသုံး နှောင့်ယှက်နေသည့်ကြားမှ နိုင်ငံတော်၌ ဤမျှ အေးချမ်းဖွံ့ဖြိုးတိုးတက်လာနေခြင်းမှာ အစိုးရနှင့် တိုင်းရင်းသား ပြည်သူတို့၏ ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကား၊ ညီညွတ်မှုခွန်အားတို့ကြောင့် ဖြစ်လေသည်။ အဖြူကို အဖြူဟု မြင်သူချင်း စည်းလုံးပေါင်းစည်း၊ လက်တွဲမိခြင်းသာ ဖြစ်လေသည်။ အဖြူကို အမည်းဟု မြင်သူ၊ မြင်ချင်သူ၊ မြင်ပြနေသူများသည် မြန်မာပြည်သူတစ်ရပ်လုံး၏ အစွန့်ပယ်ခံဘဝမှာပင် နေကြပေဦးတော့ဟု ဆိုလိုက်ချင်ပါသည် ...။ ။

မင်္ဂလာဒုံမြို့နယ် မလွန်သင်းထောက် ဝါတွင်းအထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၂၇

မင်္ဂလာဒုံမြို့နယ် ၂/က၂/ခမလွန်သင်းထောက်ဖွဲ့မှ ဝါတွင်းတရားပွဲများကို စမ်းကြီးဝရပ်ကွက် ဓေယျာသီရိကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

တရားပွဲများကို ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် သီတဂူ အရှင်ပညာနန္ဒက လည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် မဟာဂန္ဓာရုံ အရှင် ကဝိဓဇာလင်္ကာရက လည်းကောင်း၊ စက်တင်ဘာ ၃ ရက်တွင် သီတဂူ အရှင်ခေမာသီရိလင်္ကာရက လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒကလည်းကောင်း ညစဉ်၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈–၈–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် "ဆပ္ပါဏကောပမသုတ်"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Management Science in Decision Making (စီးပွားစီမံ)
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၃၀)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
- ၂၃။ English Premier League ဘောလုံးပွဲ Norwith City Vs Arsenal
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအသစ် ပြောကြား

ရေနံပိုက်လိုင်းမီးလောင်

အီရတ်နိုင်ငံ ဘာဆရာမြို့ရှိ ရေနံပိုက်လိုင်း တိုက်ခိုက်ခံရပြီးနောက် မီးလောင်နေသည်ကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မနီလာ ဩဂုတ် ၂၆

ဖိလစ်ပိုင်နိုင်ငံက လူမှုအကူအညီပေး တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ စေလွှတ်တော့မည်မဟုတ်ကြောင်း ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြတ်ပြတ်သားသား ပြောကြားသည်။

ဖိလစ်ပိုင်က အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဟူသည့် သတင်းများကို နိုင်ငံခြားရေးဝန်ကြီးအသစ်ဖြစ်သည့် အယ်လ်ဘာတိုရိုမြူလိုက ပြတ်ပြတ်သားသား ငြင်းဆိုလိုက်ပြီး ယင်းကိစ္စကို အနာဂတ်တွင်လည်း စဉ်းစားဆုံးဖြတ်ရန် အကြောင်းမမြင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အချိန်မတန်သေး

ယခင် နိုင်ငံခြားရေးဝန်ကြီး ဒယ်လီကာအဲလ်လက်က ကုလသမဂ္ဂကြီးကြပ်မှုအောက်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ နောက်ထပ်စေလွှတ်မည်ဟု ပြောကြားမှုနှင့် ဖော်ပြပါပြောကြားချက်သည် ဆန့်ကျင်ဘီလာဖြစ်နေသည်။ ယခုအချိန်တွင် ယင်းပြဿနာမှာဆွေးနွေးရန် အချိန်မတန်သေးကြောင်း ပြောကြားသည်။

တစ်နေ့နေ့ တစ်ချိန်ချိန် ယင်းကိစ္စ ဆောင်ရွက်ကြရမည်ဖြစ်ပြီး ယခုအခါ ဆွေးနွေးရန် စောလွန်းသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ဖိလစ်ပိုင်ကုန်တင် ထရပ်ကား ယာဉ်မောင်း ပြန်ပေးဆွဲထားခံထားရမှုမှ လွတ်မြောက်ရေးအတွက် အီရတ်မှ အဖွဲ့ဝင် ၅၁ ဦးပါ တပ်ဖွဲ့ကို ဖိလစ်ပိုင်အစိုးရက ရုပ်သိမ်းခဲ့ပြီးနောက် အီရတ်ရှိ အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်အဖြစ် စာရင်း ပေးခြင်းမရှိခဲ့ပေ။

ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနက အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ အကဲဖြတ်ရန်နှင့်အီရတ်နိုင်ငံသို့ လူမှုအကူအညီပေးအဖွဲ့ စေလွှတ်နိုင်ဖွယ်ရှိ၊ မရှိ ဆင်ခြင်သုံးသပ်ရန်အတွက် အထူးစစ်ဆင်ရေးတပ်ဖွဲ့တစ်ခုကို ယခုစောစောပိုင်းက ထူထောင်ခဲ့သည်။

ဆက်လက်စေလွှတ်မည်

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ရပ် မဟုတ်သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် ၁၅၄၆ အရ အီရတ်နိုင်ငံသို့ လူမှုအကူအညီပေးတပ်ဖွဲ့ ဆက်လက်စေလွှတ်မည်ဟု ယခင်နိုင်ငံခြားရေးဝန်ကြီးဟောင်း အဲလ်ဘတ်က ပြောကြားခဲ့သည်။

တိုက်တွန်း

အခြားတစ်ဖက်တွင် ဖိလစ်ပိုင်အစိုးရက အီရတ်နိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်နေသူများအပေါ် ပိတ်ပင်တားမြစ်လိုက်ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် နားလည်မှုရှိရန်နှင့် ပူးပေါင်းဆောင်ရွက်မှုရှိရန် တိုက်တွန်းနိုးဆော်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ဖော်လူဂျာမြို့ကို ကန်တပ်ဖွဲ့ လေကြောင်းမှ တိုက်ခိုက် လေးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိဟု ပြောကြား

ဖော်လူဂျာ(အီရတ်) ဩဂုတ် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက်ရှိ မတည်မငြိမ်ဖြစ်နေသော ဖော်လူဂျာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ စခန်းများဟု သင်္ကာမကင်းသည့်နေရာများကို အမေရိကန် လေယာဉ်များနှင့် တင့်ကားများက တိုက်ခိုက်သည့်အတွက် လူလေးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ဖော်လူဂျာမြို့ရှိ ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

လူလေးဦး၏ အလောင်းများကို ဆေးရုံသို့ ယူဆောင်လာကြောင်းနှင့် ဒဏ်ရာရသူ ခုနစ်ဦးကို ဆေးရုံသို့ တင်ပို့ထားရကြောင်း ဖော်လူဂျာမြို့ ဆေးရုံမှဒေါက်တာအဗ္ဗဒယ်အာမက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ သေဆုံးဒဏ်ရာရသူများသည် ခုခံတိုက်ခိုက်ရေးသမားများ ဟုတ်၊ မဟုတ်ကို ပြောကြားရန် မဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့များသည် နံနက်ပိုင်းတွင် စတင်တိုက်ခိုက်ခဲ့ပြီး မွန်းလွဲ ၂ နာရီထိ ဆက်လက် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဗုံးကြဲတိုက်ခိုက်

မိမိတို့သည် တင့်ကားများ၊ လေယာဉ်များကို အသုံးပြုကာ ဖော်လူဂျာမြို့တွင်းရှိ အီရတ်တပ်ဖွဲ့ ဆန့်ကျင်ရေးစခန်းအချို့ကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် ဒုတိယဗိုလ်မှူးကြီးဂျွန်ဆင်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ မြေပြင် သေဆုံးဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ သတင်းမရရှိကြောင်း ၎င်းကပြောကြားသည်။ အင်္ဂါနေ့ ညချိန်သန်းခေါင်ယံကျော်အပြီးတွင်အီရတ်ဝန်ကြီးချုပ် အာလာဝီ၏ ခွင့်ပြုချက်ဖြင့် အမေရိကန် လေယာဉ်များသည် ဖော်လူဂျာမြို့မှ နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများဟု သင်္ကာမကင်းသူများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ လွန်ခဲ့သည့် နှစ်လအတွင်း အမေရိကန်တို့သည် ဆွန်နီအများစုနေထိုင်ရာ ဖော်လူဂျာမြို့ကို လေကြောင်းမှ သုံးလေးကြိမ်တိုက်ခိုက်ခဲ့သည်။ ဖော်လူဂျာမြို့သည် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ တည်ရှိနေမှုကို အပြင်းအထန် ဆန့်ကျင်နေသည့် မြို့တစ်မြို့ဖြစ်သည်။ ***အင်တာနက်။***

အီရတ်ရှေးဟောင်းပစ္စည်းများ သိမ်းဆည်းရမိ

အမ္မန် ဩဂုတ် ၂၆

အီရတ်နိုင်ငံမှ ရှေးဟောင်းပစ္စည်းနှင့်ပန်းချီကား ၆၀၀ ခန့်ကို ဂျော်ဒန်နိုင်ငံတွင် ၂၀၀၄ ခုနှစ် ဧပြီလနောက်ပိုင်းက သိမ်းဆည်းရရှိခဲ့ကြောင်း၊ ဒေသခံအာရေဗျဘာသာဖြင့် ထုတ်ဝေသည့် အယ်လ်အာရပ်အယ်လ်ယွမ်သတင်းစာက အင်္ဂါနေ့က ရေးသားလိုက်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀၀ခန့်ကနှင့် ဘောဘီလုံခေတ်က ပစ္စည်းအချို့ကို သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း ဂျော်ဒန် ရှေးဟောင်း အမွေအနှစ်ဌာနမှ မန်နေဂျာ ခူရီရှာက ဖော်ပြပါ သတင်းစာအား ပြောကြားသည်။

မိမိတို့ ရှေးဟောင်းအမွေအနှစ်ဌာနက သိမ်းဆည်းရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများကို အထူးသိုလှောင်ခန်းတွင် သိမ်းဆည်းထားပြီး သင့်လျော်သည့် အချိန်ရောက်ပါက အီရတ်အစိုးရအား ပြန်လည်ပေးအပ်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နာဂျက်ဖ်ကို ကန်တို့ဝိုင်းရံပိတ်ဆို့ထား ခုခံရေးသမားများက ကြံ့ကြံ့ခံတိုက်ခိုက်

နာဂျက်ဖ် ဩဂုတ် ၂၆

ယနေ့နံနက်စောစောပိုင်းတွင် အမေရိကန် အမြောက်တပ်သည် ရှီးယိုက်ခုခံရေးသမားများရှိရာ နာဂျက်ဖ်မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို တွေ့ရကြောင်း ရိုက်တာသတင်းထောက်က သတင်းပေးသည်။ မြို့တွင်း၌ အနည်းဆုံး အမြောက်ဆန်ငါးလုံး ပေါက်ကွဲခဲ့သည်။ ထိုမြို့ကို အမေရိကန်တို့က ဝိုင်းရံပိတ်ဆို့ထားသည်ကို ရှီးယိုက်ခုခံရေးသမားများက ကြံ့ကြံ့ခံတိုက်ခိုက်နေသည်မှာ သီတင်း သုံးပတ်ကျော်ပြီဖြစ်၏။

ရည်ရွယ်

အမေရိကန်သံချပ်ကာနှင့် တင့်ကားတပ်များ၊ ခြေလျင်တပ်များက နေ့ပိုင်းတွင် အီမန်အလီဝတ်ကျောင်းတော်အနီးတို့၌ ချဉ်းကပ်ခဲ့ကြပြီး ညပိုင်းတွင် အမေရိကန်လေတပ်က ရှီးယိုက်ခေါင်းဆောင် ဆာဒါ၏ ခုခံရေးသမားများ တပ်စွဲထားရာနေရာများကို မပြတ်တိုက်ခိုက်လျက်ရှိသည်။ ထိုသို့ ပြုလုပ်နေခြင်းမှာ ခုခံရေးသမားများ စိတ်ဓာတ်ကျဆင်းလာစေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်ရှိ ပိုလန်သံရုံး —— အမြောက်ကျည် နှစ်ကြိမ်ထိမှန်

ဝါဆော ဩဂုတ် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ပိုလန်သံရုံးကို အမြောက်ကျည်ဆန် နှစ်ကြိမ်ထိမှန်ခံခဲ့ရသော်လည်း သေကျေပျက်စီးမှုမရှိကြောင်း ပိုလန်နိုင်ငံ ဝါဆောမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အမြောက်ကျည်များကို ကားတစ်စီးအတွင်းမှ ပစ်ခတ်ခဲ့ပုံရကြောင်း၊ သံရုံးနံရံကို ထိမှန်ခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိမှုမရှိ၊ ပစ္စည်းများလည်း ပျက်စီးမှုမရှိကြောင်း တီဗီအင်၂၄ ရုပ်/သံသို့ ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျာရိစလော်ဒရိုင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ အဆိုပါကားမှာ ပိုလန်သံရုံးတည်ရှိရာလမ်းနှင့်မျဉ်းပြိုင်လမ်းတစ်လမ်းပေါ်တွင် ရှိနေပုံရကြောင်း၊ စုံစမ်းစစ်ဆေးမှုများကို ချက်ချင်းပြုလုပ်နေကြောင်း ၎င်းကပြောကြားသည်။ အမေရိကန်၏အပေါင်းအပါ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ပိုလန်သည် ဘဂ္ဂဒက်မြို့တောင်ဘက်တွင် တပ်ဖွဲ့ဝင် ၆၅၀၀ ပါရှိသည့် နိုင်ငံစုံတပ်ဖွဲ့ကို ဦးဆောင်လျက်ရှိသည်။

အမေရိကန်ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ပွဲစတင်ချိန်နောက်ပိုင်း အီရတ်နိုင်ငံ၌ သေဆုံးခဲ့သည့် ပိုလန်နိုင်ငံသားဦးရေမှာ ၁၄ ဦးရှိသည်။ ယင်းအနက် ၁၀ ဦးမှာ ပိုလန်တပ်ဖွဲ့ဝင်များဖြစ်ပြီး လေးဦးမှာ အရပ်သားများဖြစ်ကြသည်။ အီရတ်နိုင်ငံရှိ ပိုလန်နိုင်ငံသားများ၏ အကျိုးစီးပွားများကို တိုက်ခိုက်မှုများမှာ မကြာသေးမီရက်များအတွင်း ပို၍တိုးလာသည်။ ပိုလန်တပ်ဖွဲ့ အခြေစိုက်ထားရာစခန်းကို လွန်ခဲ့သည့်သီတင်းပတ်က တိုက်ခိုက်ခဲ့ရာ လူခုနစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

ပိုလန်ပြည်သူများအတွင်းတွင်လည်း အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့၌ ပိုလန်နိုင်ငံပါဝင်ခြင်းကို ဆန့်ကျင်မှုများ များပြားနေဆဲဖြစ်သည်။ အီရတ်နိုင်ငံရှိ ပိုလန်တပ်ဖွဲ့ဝင်ဦးရေကို ၂၀၀၅ ခုနှစ် အစောပိုင်းတွင် ၂၅၀၀မှ ၁၅၀၀သို့ လျှော့ချနိုင်မည်ဟု ပိုလန်က မျှော်လင့်ထားသည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် ဘရက်ဒလေတင့်ကားတစ်စီးကို ဩဂုတ် ၂၃ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အီရတ်အကျဉ်းသား ညှဉ်းပန်းနှိပ်စက်မှုသတင်းဆက် အသေးစိတ် ထွက်ပေါ်လာ

ဝါရှင်တန် ဩဂုတ် ၂၆

အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ်အကျဉ်းသားများကို နှိပ်စက်ကလူပြုမှုနှင့် ပတ်သက်သောဓာတ်ပုံများ ပေါ်ထွက်လာပြီးနောက် အရှက်တကွဲဖြစ်ခဲ့ရသည်။ ထိုဓာတ်ပုံများနှင့် ဆက်စပ်နေသော ညှဉ်းပန်းမှုဖြစ်စဉ် အသေးစိတ်များကို အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ပေးခဲ့သည်။ ယခုအဖြစ်အပျက် ငါးခုကိုသာမက အခြားညှဉ်းဆဲမှုအကြောင်းအရာ ဒါဇင်ပေါင်းများစွာတို့၏ ဖြစ်စဉ်များကိုလည်း လာမည့်သီတင်းပတ်များတွင် ဆက်လက်ထုတ်ပြန်ပေးသွားမည်ဟု ဆိုသည်။

ညှဉ်းဆဲမှုဖြစ်စဉ် ငါးခုနှင့်သက်ဆိုင်သည်များကို အမည်မဖော်လိုသူ အမေရိကန် အထက်တန်းအရာရှိတစ်ဦးက သတင်းထောက်များကို အသိပေးပြောကြားခဲ့ခြင်းဖြစ်၏။ ဖြစ်စဉ်ငါးခုအနက်ဖြစ်စဉ်နှစ်ခုသည်တစ်နေ့တည်း၌ ဖြစ်ပွားခြင်းဖြစ်၏။ အကျဉ်းသားပေါင်းငါးဦး ညှဉ်းဆဲခံရသည့်အနက် တစ်ဦးတည်းသာ စစ်ဆေးမေးမြန်းခြင်းခံရပြီး ကျန်လူများမှာ သက်သက်မဲ့အညှဉ်းပန်းခံရခြင်းသာ ဖြစ်သည်။

ယူဆ

အဖြစ်အပျက်တစ်ခုမှာ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဖြစ်ပွားခြင်းဖြစ်၏။ ထိုကိစ္စတွင် အီရတ်အကျဉ်းသားတစ်ဦး၏ လည်ပင်းတွင် ခွေးလည်ပတ်ကြိုးကို ချည်နှောင်ကာ အမျိုးသမီးစစ်ရဲ လင်ဒီ အင်္ဂလန်က ကိုင်ကာဓာတ်ပုံအရိုက်ခံသည့် အဖြစ်အပျက်ဖြစ်သည်။ ထိုဓာတ်ပုံကို လူအများမြင်တွေ့ရသောအခါ အကျဉ်းသားကို ခွေးကဲ့သို့ လည်ပတ်ကြိုးမှဆွဲ၍ လမ်းလျှောက်စေသည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ လက်တွေ့ဖြစ်ရပ်တွင် ထိုသို့ပြုလုပ်ခဲ့ခြင်းမရှိဟု ဆိုသည်။ ထိုအကျဉ်းသားမှာ စစ်ဆေးခံရသူများစာရင်းတွင် ပါဝင်သူမဟုတ်ကြောင်း သိရသည်။ အမျိုးသမီးစစ်ရဲက ထို့သို့ ဆောင်ရွက်ခဲ့ခြင်းမှာ အမိန့်အရဆောင်ရွက်ခဲ့ရခြင်းသာဖြစ်ကြောင်း သူမ၏ ရှေ့နေက ပြောကြားသည်။

ထိုအောက်တိုဘာလ တစ်ရက်တည်းမှာပင် အခြားညှဉ်းဆဲမှုဖြစ်စဉ်တစ်ခုလည်း ပေါ်ပေါက်ခဲ့သေးသည်။ ထို ဖြစ်စဉ်တွင် စစ်ရဲသုံးဦး၊ အရပ်ဘက် ကန်ထရိုက်တာတစ်ဦးနှင့် ထောက်လှမ်းရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ သုံးဦးခန့် ပါဝင်ခဲ့ကြသည်။ ဤကိစ္စတွင် အီရတ် အကျဉ်းသားသုံးဦးကို ခေါ်ယူကာ အဝတ်မပါ ဗလာကိုယ်သက်သက်ဖြင့် ကြမ်းပြင်တွင်လှဲနေစေပြီး ထိုအကျဉ်းသားအပေါ်သို့ ပစ္စည်းပစ္စယများပစ်ချခြင်း၊ ရေဖြင့်လောင်းခြင်းနှင့် အဝတ်မပါဘဲ ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ပြောကြသည်။ ထိုအကျဉ်းသားသုံးဦးသည် အခြားအကျဉ်းသား တစ်ဦးကို ဗလက္ကာရပြုသည့်အတွက် စစ်ရဲများက ဖြစ်ရပ်ပေါ်ပေါက်လာစေရန် ယခုကဲ့သို့ စစ်ပေးခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုအကျဉ်းသားများမှာ စစ်ဆေးမေးမြန်းရန် အကျဉ်းထောင်တွင် ခေါ်ယူထားသော အကျဉ်းသားများတွင် မပါဝင်ဟုဆိုသည်။

အကျဉ်းသားညှဉ်းပန်းမှု တတိယဖြစ်စဉ်မှာ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဖြစ်ပွားခြင်းဖြစ်၏။

ထိုဖြစ်စဉ်မှာ ခေါင်းဆောင်းအချွန်ကြီးကို ဆောင်းထားကာ ကိုးရိုးကားရား အဝတ်အစား ဝတ်ဆင်ထားပြီး ဝါယာကြိုးတန်းလန်းနှင့်ပုံးတစ်လုံးပေါ်တက်၍ရပ်နေသော အကျဉ်းသားဓာတ်ပုံနှင့် သက်ဆိုင်သော ညှဉ်းပန်းမှုကိစ္စဖြစ်သည်။

ဝါယာကြိုးများကို အကျဉ်းသား၏ ကိုယ်ပေါ်အနှံ့တွင် တပ်ဆင်ပေးထားသလို ၎င်း၏ ယောကျ်ားပစ္စည်းတွင်ပါ ဝါယာကြိုးတပ်ပေးထားသည်။ အကျဉ်းသားသည် စစ်ရဲများမေးမြန်းသည်ကို ပူးပေါင်းဆောင်ရွက်ခြင်းမပြုပါက ဓာတ်လိုက်ခံရမည်ဖြစ်ကြောင်း အသိပေးခြောက်လှန့်ထားသည်။

စစ်ရဲများကို ထိုသို့ပြုလုပ်ခြင်းမှာ အကျဉ်းသားမအိပ်နိုင်ဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေစေရန် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထိုအကျဉ်းသားမှာလည်း စစ်ဆေးမေးမြန်းခြင်းခံရသူမဟုတ်ဟု ဆိုသည်။

အခြား ညှဉ်းပန်းမှုဖြစ်စဉ်တစ်ခုသည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ပေါ်ပေါက်ခဲ့သော ကိစ္စဖြစ်သည်။ ၎င်းဖြစ်ရပ်မှာ အကျဉ်းသားခုနစ်ဦးနှင့် သက်ဆိုင်သည်။

ထိုအကျဉ်းသားများ၏ အဝတ်ကို အခမ္ဘချွတ်စေပြီး ကိုယ်လုံးတီးအနေအထားဖြင့် တစ်ယောက်အပေါ် တစ်ယောက်ထပ်ကာ ပိရမစ်ပုံသဏ္ဌာန်နေစေကာ ဓာတ်ပုံရိုက်သောဖြစ်ရပ်ပင်ဖြစ်၏။ ထိုအကျဉ်းသားများသည်လည်း စစ်ဆေးမေးမြန်းခြင်းခံရသော အကျဉ်းသားများထဲတွင် မပါဝင်ပေ။ ပဉ္စမဖြစ်ရပ်မှာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော ညှဉ်းဆဲမှုဖြစ်သည်။ အကျဉ်းသားကို အဝတ်အစားများ အတင်းအဓမ္မချွတ်စေပြီး ခွေး၏နှုတ်သီးတွင် အစွပ် စွပ်မထားသော ခွေးနှင့်တို့ပြီး ခြောက်လှန့်ညှဉ်းပန်းသောကိစ္စ ဖြစ်သည်။

ဓာတ်ပုံထဲတွင် ခွေးနှင့် အတိုက်ခံရသော အကျဉ်းသားမှာ အကြောက်ကြီးကြောက်နေသည်ကို ၎င်း၏မျက်နှာပေါ်တွင် အထင်းသား တွေ့မြင်နေကြရသည်။ ထိုအကျဉ်းသားသည် အကျဉ်းထောင်မှ ထွက်ပြေးရန်ကြံစည်ကြောင်း သင်္ကာမကင်းသဖြင့် ယခုကဲ့သို့ ခွေးနှင့် ရှူးတိုက်စစ်ဆေးခြင်းဖြစ်သည်ဟု ဆိုသည်။ နောက်ပိုင်းတွင် ၎င်းအကျဉ်းသားမှာ ခွေးအကိုက်ခံခဲ့ရကြောင်း သိရသည်။

အင်တာနက်။

အဆုတ်ရောဂါကာကွယ်ဆေး စမ်းသပ်ဖော်ထုတ်

နယူးဒေလီ ဩဂုတ် ၂၅

အိန္ဒိယသိပ္ပံပညာရှင်များက အဆုတ်ရောဂါ ကာကွယ်ဆေးသစ်တစ်ရပ်ကို စမ်းသပ်ဖော်ထုတ်နေကြောင်း၊ ယင်းဆေးသည် တိရစ္ဆာန်များအားစမ်းသပ်မှုအဆင့်တွင် အန္တရာယ်ကင်းကာ ကုသရာတွင် ထိရောက်မှုရှိကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြန်လည်ခေါင်းထောင်

အဆုတ်ရောဂါအတွက် စမ်းသပ်တီထွင်နေသည့် အဆိုပါဆေးကို အိန္ဒိယနိုင်ငံတောင်ပိုင်း လပ်ကနောင်းမြို့ ဗဟိုဆေးဝါးသုတေသနဌာန (စီဒီအာအိုင်)မှ သိပ္ပံပညာရှင်များက စမ်းသပ်နေကြခြင်းဖြစ်သည်။ အဆုတ်ရောဂါသည် အိဒ်စ်ရောဂါနှင့် ပူးပေါင်းကာ လူအများ သေစေသည့်ရောဂါအဖြစ် ပြန်လည်ခေါင်းထောင်လျက်ရှိသည်။ အဆိုပါဆေးဝါးကို ဆေးရုံ၊ ဆေးခန်းစမ်းသပ်ချက်များ ပြုလုပ်ပြီးနောက် ပြန်လည်အကဲဖြတ်မည်ဖြစ်သည်။

သေဆုံး

အဆိုပါဆေးဝါးသည် အဆုတ်ရောဂါ ကူးစက်မှုဆန့်ကျင်တိုက်ဖျက်ရာတွင် ထိရောက်မှုရှိကြောင်း တွေ့ရှိရသည်။ အဆုတ်ရောဂါ ဖြစ်ပွားနေသည့် ၇၀ ရာခိုင်နှုန်းသော ကြွက်များအား ယင်းဆေးထိုး၍ စမ်းသပ်ကုသရာ အသက်ရှင်နေသည်ကိုတွေ့ရှိရပြီး ယင်းဆေးမထိုးရသေးသည့် ကြွက်များမှာ အဆုတ်ရောဂါဖြင့် ၂၅ ရက်အတွင်း သေဆုံးကြကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အဘူဂါရိပ် အကျဉ်းထောင်၌ နှိပ်စက်ခဲ့မှု

ကန်စစ်ဘက်ထောက်လှမ်းရေးအရာရှိများအား စွဲချက်တင်ရန် ပြင်ဆင်

မန်ဟိန်း(ဂျာမနီ) ဩဂုတ် ၂၆

နာမည်ဆိုးဖြင့် ကျော်ကြားသော အီရတ်နိုင်ငံ အဘူဂါရိပ် အကျဉ်းထောင်မှအကျဉ်းသားများအားနှိပ်စက်ကလူပြုခဲ့သည့် ပြစ်မှုကျူးလွန်သည့် အမေရိကန် စစ်ဘက်ထောက်လှမ်းရေး အထက်တန်းအရာရှိများနှင့် အခြားဝန်ထမ်းများပေါ် စွဲချက်တင်ရန် ပြင်ဆင်လျက်ရှိနေကြောင်း အမေရိကန် အစိုးရရှေ့နေတစ်ဦးက ဝန်ခံပြောကြားလိုက်သည်။ ဥပဒေကြောင်းအရ စွဲချက်တင်နိုင်သည့် ဦးရေမှာ ၂၈ ဦးအထိရှိပြီး အကျဉ်းသား နှိပ်စက်မှု အရှုပ်တော်ပုံနှင့်စပ်လျဉ်း၍ စွပ်စွဲခံထားရသူ စစ်ရဲအရာရှိ ခုနစ်ဦးမှ တစ်ဦးဖြစ်သူက အချို့သော စွဲချက်များအတွက် အပြစ်ရှိကြောင်း လျှောက်လဲရန် အစိုးရရှေ့နေများနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ပြောကြားသည်။

အမေရိကန်အစိုးရ စစ်ဘက်ရှေ့နေ ဗိုလ်မှူးမိုက်ကယ်ဟိုလီက ထောက်လှမ်းရေးအရာရှိ အချို့သည် ၎င်းတို့အား ပေးထားသည့် ကင်းလွတ်ခွင့်များကို ၎င်းတို့အားစွပ်စွဲမှုများနှင့် အပေးအယူလုပ်မည်ကို စိုးရိမ်သောကြောင့် ကင်းလွတ်ခွင့် ရပ်ဆိုင်းထားရန် ကြိုးပမ်းနေချိန်တွင် နောက်ထပ်ပြစ်မှု ကျူးလွန်သည်ဟု သင်္ကာမကင်းဖြစ်မှုများ၏ အသေးစိတ်အချက်အလက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။

မိုက်ကယ်ဟိုလီက အထူးသဖြင့် အဘူဂါရိပ်အကျဉ်းထောင်တွင်လုပ်ငန်းဆောင်ရွက်နေသည့် စစ်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဖြစ်သူ အမေရိကန် ဗိုလ်မှူးကြီး သောမတ်စ်ပက်ပါးစ်နှင့် စစ်ဆေးမေးမြန်းရာတွင် တာဝန်ရှိသူ ဒုတိယဗိုလ်မှူးကြီး စတီဗင်ဂျော်ဒန်အား ရည်ညွှန်းခြင်းဖြစ်သည်။

အောက်အဆင့်ဖြစ်သည့် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးဝန်ထမ်းဖြစ်သော ကရိုနှင့် ခရုဇ်တို့အား မကြာမီ စွဲချက်တင်ဦးမည်ဟု မိုက်ကယ်ဟိုလီက ပြောကြားသည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့တွင် ပျက်စီးနေသည့် အဆောက်အအုံ တစ်ခုအတွင်း စစ်ဆေးနေသော ရှီးယိုက် ခုခံရေးသမားတစ်ဦးကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နာဂျက်ဖ်မြို့တွင် ရှီးယိုက် ခုခံရေးသမားများအားတိုက်ခိုက်ရန် နေရာယူနေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၁ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နာဂျက်ဖ်မြို့တွင် သတင်းထောက်များကို အီရတ်ရဲတပ်ဖွဲ့ဝင်များကဖမ်းဆီး

နာဂျက်ဖ် ဩဂုတ် ၂၆

အီရတ်ရဲတပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့ ဟိုတယ်တွင်တည်းခိုနေကြသော သတင်းထောက်များကို သေနတ်နှင့်ချိန်ကာ ရဲဌာနချုပ်ရှိရာသို့ ခေါ်သွားခဲ့ကြပြီး နောက်ပိုင်းတွင်မှ ပြန်လွှတ်ပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းထောက်က ဆိုသည်။ နာဂျက်ဖ်မြို့ ပင်လယ်ဟိုတယ်တွင် တည်းခိုနေကြသော သတင်းထောက်များရှိရာအခန်းသို့ အီရတ်ရဲတပ်ဖွဲ့ဝင်များက သေနတ်ပစ်ဖောက်ကာ ဝင်ရောက်လာကြသည်။ ၎င်းတို့သည် သေနတ်ကို လေထဲသို့ပစ်ခဲ့ခြင်းဖြစ်၏။ အချို့ရဲများမှာ မျက်နှာဖုံးစွပ်ထားကြသည်။ သတင်းထောက်များကို ရဲများက သေနတ်နှင့်ချိန်ကာ အတင်းကာရော ဗင်ကားနှင့်ထရပ်ကားပေါ်သို့ တက်ခိုင်းပြီး ခေါ်သွားခဲ့ကြသည်။

ကားများဖြင့် မိနစ်အတန်ကြာသွားကြပြီး ရဲဌာနချုပ်သို့ ရောက်ရှိခဲ့ပြီးနောက် ရဲတပ်ဖွဲ့ အကြီးအကဲရှိရာ ရုံးခန်းအတွင်းသို့ အတင်းသိပ်၍ သတင်းထောက်များကို မောင်းသွင်းခဲ့သည်။ အချို့ အပြည်ပြည်ဆိုင်ရာ သတင်းထောက်များမှ ထိုင်စရာမရှိသဖြင့် ကြမ်းပြင်ပေါ်၌ပင် နေကြရသည်။

သတင်းထောက်များကို ဖမ်းဆီးခြင်းမဟုတ်ကြောင်း ရဲအကြီးအကဲက အသိပေးသည်။ ထို့နောက် နာဂျက်ဖ်ရှိ သတင်းထောက်များသည် အခြေအနေမှန် သတင်းမှန်ပေးပို့ခြင်း မရှိကြောင်း နာဂျက်ဖ်မြို့ ရဲတပ်ဖွဲ့ အကြီးအကဲ ဂါလက်ဖ်အယ်လ်ဂျီဇာရီက ပြစ်တင် ပြောကြားသည်။

ထိုသို့ ရှင်းပြနေချိန်တွင် သတင်းထောက်တစ်ဦးက မိမိတို့ကို သေနတ်နှင့်တေ့၍ ပြန်ပေးဆွဲလာခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်ကိုလည်း ကြားကြရသည်။

သတင်းထောက်များသည် အီရတ်လူမျိုးတို့ လေးစားယုံကြည်သော ရှီးယိုက်ခေါင်းဆောင် အယာတိုလာ အလီအယ်လ်စစ္စတာနီ နာဂျက်ဖ်သို့ လာမည်ဟု သတင်းပို့ခဲ့ကြောင်း၊ အချို့သတင်းများတွင် ဂရင်းအယာတိုလာ အလီစစ္စတာနီ နာဂျက်ဖ်သို့ ရောက်နေပြီဟု ဖော်ပြခဲ့ကြောင်း၊ ထိုသတင်းကို အရှေ့အလယ်ပိုင်း ရုပ်/သံ သတင်းမှ ထုတ်လွှင့်နေချိန်တွင် ခေါင်းဆောင်မှာ နာဂျက်ဖ်သို့ လာရေးကိစ္စကို ဆုံးဖြတ်ရခြင်းပင် မရှိသေးဟု ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသွားသည်။

အဆိုပါသတင်းကြောင့် ကူဖာတွင် လူထုကြီး နာဂျက်ဖ်သို့ ချီတက်လာကာ ဆန္ဒပြကြသဖြင့် ရုတ်ရုတ်သဲသဲဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်သည့်အတွက် လူနှစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရသွားခဲ့ကြောင်း အယ်လ်ဂျီဇာရီက ဆက်လက်ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဆိုင်ရာများက ပြောဆိုလိုသည်များကို ပြောကြားခဲ့ပြီးနောက်ပိုင်းတွင် သတင်းထောက်များကို မူလတည်းခိုရာနေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့တော် အယ်လ်မန်ဆာခရိုင်ဈေးဆိုင်တစ်ဆိုင်တွင် စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲပြီးနောက် အပျက်အစီးများကို လိုက်လံစုဆောင်းနေသည့်ဆိုင်ရှင်များကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

အီရတ်နိုင်ငံကူဖာမြို့တွင် ရှီးယိုက်ခေါင်းဆောင်အယ်လ်ဆာဒါအားထောက်ခံသည့်ဆန္ဒပြပွဲတွင်သေနတ်သမားတို့၏လက်ချက်ကြောင့် ဒဏ်ရာရရှိသွားသော အီရတ်လူငယ်တစ်ဦးကို ဆေးရုံ၌ ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်ပုံ မြင်ကွင်း

အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် နာဂျက်ဖ်မြို့ရှိ အဆောက်အအုံများ မီးလောင်နေသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့် ဟိုတယ်အခန်းကို ကြည့်ရှုနေသည့် အီရတ်လူငယ်တစ်ဦးကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် နာဂျက်ဖ်မြို့လယ်ရှိ ဈေးကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့တွင် အီရတ်ခုခံရေးသမားများ၏ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသည့် ထရပ်ကားတစ်စီးကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝါခေါင်နှင့် စာရေးတံမဲပွဲ

ရွှေဘိုသီရိမာလာ

ဝါခေါင်လသည် မုတ်သုံလေတသွင်သွင်တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းချိန်ဖြစ်သလို ကျွန်မတို့ငယ်စဉ်က ကျောင်းလွှတ်ချိန်တွင် "ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်"ဟူသော ကဗျာကို အော်ဟစ်ဆိုရင်း မြက်ခင်းစိမ်းစိမ်းပေါ်တွင် လျှံတက်နေသော ရေကြည်ကြည်လေးများထဲ တဖွတ်ဖွတ်နှင့် နင်းလျှောက်ဆော့ကစားရင်း ကျောင်းမှအိမ်သို့ ပြန်လာချိန်ကို ဘယ်တော့မှ မမေ့ပေ။

ဝါခေါင်လကို မြန်မာမှုအရ သိဟ်ရာသီခေါ်၍ စန်းပြည့်နက္ခတ်မှာ သရဝဏ်နက္ခတ်ဖြစ်လေ၏။ ယှဉ်သော တာရာမှာ ဗျိုင်းတာရာဖြစ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်လေသည်။ ဝါခေါင်လသည် မြန်မာလတွင် တစ်ဆယ့်နှစ်လအနက် ပဉ္စမမြောက်လဖြစ်သည်။ မိုးဥတုတွင် ပါဝင်ပြီး လများ၏ အမှတ်စဉ်ကိုရေတွက်လျှင် '၅' ကျသည်။ '၅'သည် စုံမဟုတ်၊ မ,ဖြစ်သည်။ ထိုကြောင့် ဤလသည် ရက်မစုံသတ်သောလဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်၍ ရာသီပွဲတော်မှာ "စာရေးတံမဲပွဲ"ဖြစ်သည်။ ဝါခေါင်လနှင့်ပတ်သက်၍ ရှေးရိုးစဉ်လာပွဲတော်တစ်ခုမှာ စာရေးတံမဲပွဲဖြစ်သည်။ စာရေးတံပွဲတော်သည် ဝါခေါင်လ၏ ထင်ရှားသော ပွဲတော်ထူး၊ ပွဲတော်မြတ်ဖြစ်သည်။ ဤတွင် စာရေးတံနှင့် စာရေးတန် အရေးနှစ်မျိုးကွဲပြားခြားနားနေကြောင်း သိရသည်။ စာရေးတံ အရေးနှင့်ပတ်သက်၍ ရတု၊ကဗျာ၊လေးချိုးတို့ အဖြာဖြာ ဖွဲ့ဆိုခဲ့ကြသည်။ တံနှင့် တန်ကလည်း ကွဲပြားနေသည်ကို သတိပြုစရာဖြစ်သည်။ စာဆိုတော် ဆီသည်ရွာစား ဦးအောင်ကြီး၏ ဝါခေါင်လဖွဲ့ လူးတားတစ်ပုဒ်တွင် "ကျောင်းမှမကွာ၊ ထေရ်သံဃာတို့၊ သဒ္ဓါရှင်လန်း၊ ဆွမ်းပန်းကျွေးဟန်၊ စာရေးတန်ဟု၊ ကောင်းမွန်စီရင်" ဟူ၍ ဖွဲ့ဆိုခဲ့သည်။ စာဆိုတော်ကြီး ဦးပြုံးချိုက ဝါခေါင်လဖွဲ့ လေးဆစ်သဖြန်တွင် "လဆန်းရယ်တဲ့ ငွေဘုံဆောင်၊ ပြည့်ဝှန်းကြယ်သရဝဏ်နှင့် နယ်တဝှန်ရှစ်ခွင်တိုင်းမှာ၊ မှိုင်းရီလို့မှောင်၊ ငွေတာရာ ကြယ်သိန္ဓဝငယ်တို့၊ ဝေဟာမှာ အရှိန်ပြပါတဲ့၊ ချိန်သမယ လဝါခေါင်မှာ၊ ငွေတောင်ပြည့် လွှမ်း၊ ခတ္တာငုံ၊ ချပ်လွှာမှုန်တကြုုကြုုနဲ့၊ ပြည်နိဗ္ဗူ ပတ္တနာသန်လို့၊ စာရေးတံလှူတော်ပွဲကို နွှဲပျော်ဖို့လှမ်း" ဟူ၍ စီကုံးခဲ့သည်။ ဘကြီးတော်လက်ထက်တွင် ထင်ရှားခဲ့သော စာဆိုတော်လှူဦးမင်း၏ ဝါခေါင်လဖွဲ့ လေးချိုးတစ်ပုဒ်၌ "ခါသဘင်မှု ရာဇာဝင်ခေါင်ထိ၊ မြတ်ဘုန်းရှိလဲ၊ ပြည်ကြီးပွဲမွန်၊ စာရေးတန်နှင့်၊ နိဗ္ဗာန်သိဝန် ရည်ဆုညွှန်းလျက်" ဟု ဖွဲ့ဆိုခဲ့ပြန်သည်။ မဟာအတုလမင်းကြီး၏ ဝါခေါင်လဖွဲ့ လွှမ်းချင်းတစ်ပုဒ်တွင်လည်း "ပန်းခတ္တာ ခိုင်ညှာပင်ကြုု တိုင်းပြည်သူတို့၊ လှူစာရေးတန်၊သဘင် ခံဆဲမို့" ဟု လည်းကောင်း၊ ဝါခေါင်လဖွဲ့ ခွန်းထောက်တစ်ပုဒ်တွင် "စာရေးတန်သဘင်ပြုတော့ကို၊ ပန်းခတ္တာ မာလာနှငယ်နှင့်" ဟု လည်းကောင်း ဖွဲ့ဆိုကြသည်။ စာဆိုတော်ဦးဖြေ၏ လေးချိုးတစ်ပုဒ်၌ "နတ်စည်ထူးလာ ကျူးသည်ခါဝယ်၊ စာ-စာရေးတန် စည်းဝေးဖန်လို့၊ နိဗ္ဗာန် ဖွေနှယ်" ဟု ပါရှိပြန်သည်။

စလေဦးပုည၏ ဝါခေါင်လ တေးတစ်ပုဒ်တွင် "ရိပ်သာယာဇော်ကြုုလို့ ပွဲတော်ဦး သဘင်၊ စာရေးတန် စီမံကြ ဆန်းနိုင်သမျှ သည်ရာသီတွင်" စသည်ဟူ၍ ဆိုထားသည်။ စာတော်ဖတ် ဦးကြော့၏ ဝါခေါင်လဖွဲ့ တေးထပ်တစ်ပုဒ်တွင် "လေလုလု မြေခတ်ကာသည်၊ ငွေခတ္တာခိုင်ဖူး၊ မွေမြတ်စွာ လှိုင်ကာဦးမှာ၊ ပိုင်မူးသူ့ဆုရှယ်၊ စာရေးတန်ခါတော် ဆန်းတွင်မှ၊ ညာမော်မန်း နတ်နန်းပြည်နှယ်" ဟူ၍ ပါရှိသည်။ စာရေးတော်ကြီး ဦးမောင်လေးက ဝါခေါင်လဖွဲ့ ရှစ်ဆယ်ပေါ်တေးထပ်တွင် "မြေပြင်လေးမှျ၊ ရင့်ကြွေးသံအောင်၊ ရွှေစာရေးတန်၊ လှူပွဲတော်နှင့်လေး" ဟူ၍ စပ်ဆိုခဲ့သည်။ ဖိုးဝဇီရ၏ လေးဆစ်တစ်ပုဒ်တွင်လည်း "စာရေးတန် လှူတော်လမှာဖြင့်၊ မဇေးမှန်ပူ ပေါ်စပါဘိ"ဟူ၍ လည်းကောင်း၊ ကင်းဝန်မင်းကြီး၏ ဝါခေါင်လ သံပေါက်တွင် "ဝါခေါင်သိဟ်မွန်၊ အာကာစွန်၊ သရဝဏ်ရောင်ဖွေးဖွေး၊ ခတ္တာဖူးလျှံ၊ စာရေးတန်၊ သုံးတန်ဆောင်ဖွေးဖွေး" ဟူ၍လည်းကောင်း၊ အခြားသံပေါက်တစ်ပုဒ်တွင်လည်း "နံကာခေါ်ကြ၊ ဝါခေါင်လ၊ သီတရာသီထား၊ စာရေးတန်ပွဲ ခြိမ့်ခြိမ့်သဲ၊ လှူမြဲကျော်ထင်ရှား" ဟူ၍ လည်းကောင်း ဖွဲ့ဆိုထားသည်။ စာဆိုတော် ဦးယာ၏ ဝါခေါင်လဖွဲ့ လူးတားတစ်ပုဒ်၌ "သည်ရက်အခါ၊ မြတ်စွာထွတ်ထား၊ ရွှေစကားတွင်၊ ပွဲများအငြိမ့်ခံ၊ စာရေးတန်ဟု၊ စီမံခင်းကျင်း" ဟူ၍ ပါရှိသည်။ ကုန်းဘောင်ခေတ် စာဆိုတော်မယ်ခွေ၏ ဝါခေါင်လဖွဲ့ အဲချင်းတွင် "မြန်မာ့သင်းကျစ်၊ သတိုးစစ်တို့၊ လက်ရှစ်ကခြေ၊ အထွေထွေနှင့်၊ ရွှေစာရေးတံ၊ အောင်ပွဲခံသည်" ဟု စပ်ဆိုခဲ့သည်။ စာဆိုလှူဦးမင်းက အခြားကဗျာများတွင် "နိဗ္ဗာန်ငယ်မည်မှတ်၊ ပြည်များနတ်မှာ၊ မြတ်စာရေးတံ၊ ခြိမ့်ကြွေးညံလို့၊ သံဝါသနစ်၊ သားသုံးခေတ်တွင်" ဟူ၍ ဖွဲ့ဆိုခဲ့သည်။ 'တန်'နှင့် 'တံ'ကို စာဆိုများက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြ၍ စာလုံးပေါင်းများလည်း မတူပေ။

မည်သို့ပင်ဖြစ်စေ ဝါခေါင်လ စာရေးတံပွဲဆိုသည်ကို ကျွန်မတို့ ငယ်စဉ်ကတည်းက ကျောင်းများ၌ သင်ကြားခဲ့ကြရသည်။ မြန်မာမှုနယ်ပယ်တွင် ရှေးစာဆိုများက ဝါခေါင်လကို လူးတား၊ လေးချိုး၊ လေးဆစ်သဖြန်၊ လွှမ်းချင်း၊ ခွန်းထောက်၊ တေးထပ်၊ ရှစ်ဆယ်ပေါ်တေးထပ်၊ လေးဆစ်၊ သံပေါက်၊ အဲချင်းတို့ဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ထားခဲ့ကြသည်။

သက္ကရာဇ် ၆၃၀ ပြည့်နှစ်ထိုး ကျောက်စာတွင် စောလှဝန်း ဘုရားကျောက်စာသည် တစ်ချပ်အပါအဝင်ဖြစ်သည်။ "၆၃၀-၆၅၂-၆၅၃"နှစ်စွဲရှိသော ထိုကျောက်စာတို့၏ ကျောဘက်မျက်နှာစာတွင် "စာရေး" ဟူသော စကားအပိုင်းအစကို တွေ့ရသည်။ ညောင်ရေသွန်၊ သင်္ကြန်၊ မီးပုံးဟူသော စကားများနှင့် တွဲဖက်ပြီး တွေ့ရသည်။ "ညောင်ရေသွန်၊ မီးဖုန်၊ သင်္ကြန်၊ စာရိယ်မပြတ် စိတ်လျှင်တည်" ဟုရေးထိုးထားသည်။ ၎င်းအဓိပ္ပာယ်မှာ မီးပုံးပွဲတော်၊ သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ စာရေးတံပွဲတော် ဖြစ်လိမ့်မည်ဟု ယူဆကြသည်။ စာရေးတံဟူသော မြန်မာစကားသည် "စာရေးသားသော အချောင်းအတံ" ဟူ၍ အဓိပ္ပာယ်ကို ဆောင်နေကြောင်း သိသာလှသည်။ စာရေးတံမဲ၊ စာရေးတံဆွမ်း၊ စာရေးတံအလှူ ဟူသော ဝေါဟာရများသည် ဝါခေါင်လနှင့် ခွဲခြားမရပေ။

ဝါခေါင်သည် ဝါပုဒ်၊ ဝါကာလဖြစ်သကဲ့သို့ ခေါင်ပုဒ်သည် နေ့လယ်ခေါင်၊ သန်းခေါင်၊ အလယ်ခေါင် စသည့် ဝေါဟာရများတွင် ပါဝင်လေရာ အလယ်ဗဟိုဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပုဂံခေတ် ကျောက်စာများ၌ ဝါခေါင်လကို နံကာလ ဟူ၍ ရေးထိုးသုံးစွဲကြပြီး နံကာတွင် နံပုဒ်သည် နံရောအခါ၊ ဘယ်နံသောအခါ၊ ဘယ်နံခါဆိုသည် ဝေါဟာရ များတွင် ပါရှိလေရာ အချိန်၊ အခါ၊ ကာလ၊ အနက် အဓိပ္ပာယ်ကို ဆောင်ပါသည်။

နံကာလ ဝါခေါင်လသည် လယ်လုပ်ထွန်ယက်စိုက်ပျိုးချိန်ဟု ဆရာကြီးဦးဖိုးလတ်ကဆိုပါသည်။ တကယ်တော့ ဝါခေါင်လသည် လယ်သမားတို့ စိုက်ချိန်၊ပျိုးကြဲချိန်မို့ လယ်သမားများ ချစ်သောလဟူ၍ ဆိုချင်ပါသည်။

အမှန်စင်စစ် စာရေးတံမဲအလှူသည် ဆွမ်းသာမက ရဟန်းအသုံးဆောင် ထီး၊ ဖိနပ်၊ သင်္ကန်း စသည်တို့လည်း ပါဝင်၍ ပုဂ္ဂိုလ်စုံမဟုတ်ဘဲ မဲကျရာ သံဃာတော်များအား မဲချလှူဒါန်းရခြင်းကို အလှူရှင်တို့က နှစ်သက်မြတ်နိုးကြသည်ဟု အဆိုရှိကြပါသည်။

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟူ၍ ကျင်းပလေ့ရှိကြပါသည်။ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ကျင်းပခြင်းသမိုင်းကြောင်းမှာ- ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါက ရဟန်းတော်ငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို နာယူ၍ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ် ပြုတော်မူကြပါသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသည့် နတ်အချို့က အမျိုးမျိုးခြောက်လှန့်ကြသောကြောင့် တရားကိုဖြောင့်အောင် အားမထုတ်နိုင်သဖြင့် ရဟန်းတော်များသည် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ခဲ့ကြရသည်။ မြတ်စွာဘုရားက မေတ္တာကိုဆောင်ပြီး တောအုပ်သို့ ပြန်သွားကြရန် တိုက်တွန်းကာ မေတ္တာသုတ်ဒေသနာကို ဟောကြားလိုက်ပါသည်။ ရဟန်းတော်တို့၏ ထို မေတ္တာဓာတ်ကြောင့် နတ်များက ချစ်ခင်လာကြသဖြင့် ငြိမ်းချမ်းစွာ တရားအားထုတ်နိုင်ခဲ့ကြပါသည်။ ရဟန်းငါးရာတို့သည် ထိုတောအုပ်မှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြပြီး မေတ္တာတရားပွားများ၍ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြရာ ဝါမကျွတ်မီ အားလုံး ရဟန္တာများ ဖြစ်တော်မူခဲ့ကြပါသည်။

ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တာသုတ်ကို ဝါတွင်းကာလ၌ ဟောတော်မူခြင်း၊ ရဟန်းတော်ငါးရာတို့ တောအုပ်သို့ပြန်၍ ဝါခေါင်၌ ပစ္ဆိမဝါကပ်တော်မူခြင်း ဟူသော အကြောင်းများကိုထောက်၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဝါခေါင်သည် ဝါပုဒ်၊ ဝါကာလဖြစ်သကဲ့သို့ ခေါင်ပုဒ်သည် နေ့လယ်ခေါင်၊ သန်းခေါင်၊ အလယ်ခေါင် စသည့် ဝေါဟာရများတွင် ပါဝင်လေရာ အလယ်ဗဟိုဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပုဂံခေတ် ကျောက်စာများ၌ ဝါခေါင်လကို နံကာလဟူ၍ ရေးထိုးသုံးစွဲကြပြီး နံကာတွင် နံပုဒ်သည် နံရောအခါ၊ ဘယ်နံသောအခါ၊ ဘယ်နံခါဆိုသည် ဝေါဟာရများတွင် ပါရှိလေရာ အချိန်၊ အခါ၊ ကာလ၊ အနက် အဓိပ္ပာယ်ကို ဆောင်ပါသည်။

ကျိုက်သလ္လံစေတီတော် ဘက်စုံပြုပြင်ရေး ရေစက်ချ အလှူတော်မင်္ဂလာပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရေး လှူဒါန်းမှု အစုစုအတွက် ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားနှင့် အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက်တွင် အဆိုပါ စေတီတော်မြတ်ကြီး၏ ပဋ္ဌာန်းဓမ္မာရုံ၌ ကျင်းပရာ အလှူရှင် ရန်ကုန်မြို့ သံလွင်လမ်းနေ ဦးချုသန်း-ဒေါ်ဝင်းကြည် မိသားစုတို့က ကျိုက်သလ္လံ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် တည်ဆောက်ရန် ငွေကျပ်သိန်း ၆၀ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ရေစက်သွန်းချ

ယင်းနောက် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက ဘဒ္ဒန္တ ဝိမလက အနုမောဒနာတရား ချီးမြှင့်ပြီး အလှူရှင် မိသားစုနှင့် တက်ရောက်လာသူတို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အလှူရှင် ဦးချုသန်း-ဒေါ်ဝင်းကြည် မိသားစုတို့က ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ အထက်တန်းကျောင်းခွဲ တည်ဆောက်လှူဒါန်းခြင်းနှင့် လမိုင်းဆေးရုံအတွက် ဆေးမျိုးစုံ လှူဒါန်းခြင်း၊ ကိုရင်လေးကျောင်းတိုက် အပါအဝင် တည်ဆောက်မှု ၁၂ခုအတွက် ငွေကျပ်သိန်း ၁၇၀၀ ကျော် လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

သံဝေဇနိယ လေးဌာန ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၇

သံဝေဇနိယ လေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သံဝေဇနိယလေးဌာန ဘုရားဖူးစေလွှတ်ရေးနာယကအဖွဲ့ဝင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဘုရားဖူးစေလွှတ်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ အဖွဲ့ဝင်များ၊ ပုဂ္ဂလိကခရီးသွား လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် သံဝေဇနိယ လေးဌာန ဘုရားဖူး စေလွှတ်ရေး နာယကအဖွဲ့ဝင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**၊ ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က သံဝေဇနိယလေးဌာန ဘုရားဖူးအဖွဲ့များအား ဘုရားဖူးစေလွှတ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက သတ္တမအကြိမ် ရပ်ကွက်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၄၅ဦးအား ပညာသင်စရိတ်နှင့်စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၇ရက်က အမက(၄၉)၌ ကျင်းပရာ အင်းစိန်ဈေးကြီးရှေ့နေ ဦးအောင်ဝင်း-ဒေါ်ခင်ပြုံးဝင်း မိသားစုက ကျောင်းစိမ်းလုံချည်ဖိုးကျပ် ၆၇၅၀၀ နှင့် ဆီမီး ၉၉၀၀ အဖွဲ့အမှုဆောင်များက လှူဒါန်းငွေကျပ် ၂၂၀၀၀ ကို ဆီမီး ၉၉၀၀ အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြောက်ပိုင်းခရိုင်ပညာရေးမှူး ဆရာကြီးဦးရန်နောင်ထံ ပေးအပ်စဉ်။ (၆၁)



✧ မြန်မာနိုင်ငံမှ

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် နှစ်နိုင်ငံ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုထားသော သဘောတူစာချုပ် များစွာရှိနေကြောင်း။

တိုးပွားဖြစ်ထွန်း

နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ အပါအဝင် နိုင်ငံတော် တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်တိုးတက်ဖြစ်ထွန်းလျက်ရှိသည့်အတွက် ယင်းချစ်ကြည်ရေး ခရီးစဉ်များမှ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ တိုးပွားဖြစ်ထွန်းလျက်ရှိနေကြောင်း။

ယင်းနှစ်နိုင်ငံသဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေး အတွက်သက်ဆိုင်ရာဝန်ကြီးဌာနများက ညှိနှိုင်းပေါင်းစပ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိအနေဖြင့် ယခုနှစ် ဇူလိုင်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာတွင် နှစ်နိုင်ငံ သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

ထို့ကြောင့် ယင်းချစ်ကြည်ရေးခရီးစဉ်နောက်ပိုင်းတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ ချုပ်ဆိုထားသော သဘောတူစာချုပ်များ အမြန်ဆုံး အကောင်အထည်ပေါ်ဖြစ်ထွန်းလာရေး အတွက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။

တွေ့ဆုံညှိနှိုင်း

ယင်းသို့မိမိတို့ဘက်မှအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သည့်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘက်မှလည်း လုပ်ငန်းများအကောင်အထည်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် မြန်မာ-တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံ ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများ ညှိနှိုင်းစီစဉ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖော်ရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံညှိနှိုင်းမှုများ တိုးတက်ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း။

တိုးတက်မှုလျင်မြန်

ယနေ့ နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများသည်အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံ အသီးသီး၌ လျှပ်စစ်စွမ်းအားနှင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့လိုအပ်ချက်များမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာလျက်ရှိနေကြောင်း။

မြန်မာနိုင်ငံတော်အနေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအားအရင်းအမြစ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ များစွာပိုင်ဆိုင်ထားရာ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအတွက် စွမ်းအင်ကဏ္ဍမှ အထောက်အကူပြုနိုင်သည့် အလားအလာ များစွာရှိနေကြောင်း။

မဟာဗျူဟာကျ

ထို့ပြင်မက မြန်မာနိုင်ငံသည် တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသတို့ကို ဆက်စပ်ပေးနိုင်သည့် မဟာဗျူဟာကျသောဒေသဖြစ်လျက်ရှိရာအိမ်နီးနားချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများအချင်းချင်း ကူးသန်းသွားလာရေး၊လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖြစ်ထွန်းရေးအတွက် ပံ့ပိုးပေးနိုင်သည့်အခြေအနေရှိနေကြောင်း။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံအတွက်ရော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း။

ဘက်စုံပူးပေါင်းဆောင်ရွက်ရေး

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေရှိသည့်အပြင် နှစ်နိုင်ငံဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံ အကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ များစွာဖြစ်ထွန်းနေပြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ အမြန်ဆုံး အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က မြန်မာ-တရုတ်သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံ ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်

❍ အမျိုးသားညီလာခံမှ

စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ အစည်းအဝေး သဘာပတိအမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမျိုးသားညီလာခံနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့က ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို အချိန်နှင့် တစ်ပြေးညီ လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရေး၊ အမျိုးသားညီလာခံ ကျင်းပရာ ညောင်နှစ်ပင်စခန်းရှိ ညီလာခံခန်းမနှင့်တကွ အဆောက်အအုံများရှိ ပြုပြင်ရန်ရှိသည်များကို ညီလာခံရပ်နားထားသည့် အချိန်အတွင်း သပ်ရပ်ကောင်းမွန်အောင် ပြုပြင်ရေး၊ ညီလာခံတွင်အသုံးပြုသည့် ပစ္စည်းများထိန်းသိမ်းရေး၊ ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးအတွက် ဆေးဝါးမှအစလိုအပ်သည်များ ပံ့ပိုးကူညီပေးရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး

ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေတို့ကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လက်ခံ တွေ့ဆုံ

ဩဂုတ် ၂၇ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါအား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ ခုနှစ် ဩဂုတ် ၁၃ ရက်က ညောင်နှစ်ပင်စခန်းရှိ အနော်ရထာခန်းမ၌ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေးအတွက်တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများနှင့်ညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ စိမ်းလန်းစိုပြည်ရေးမှအစ သပ်ရပ်ပြည့်စုံသည့် အခြေအနေဖြစ်အောင် စီမံဆောင်ရွက်ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မွမ်းမံပြင်ဆင်

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အမျိုးသားညီလာခံအလှည့်ကျသဘာပတိအဖွဲ့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက ညောင်နှစ်ပင်စခန်း၌ အဆောက်အအုံများ မွမ်းမံပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေ၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေနှင့် ဆေးရုံတွင် တက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိသော ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးအခြေအနေတို့နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးကြပြီး အစည်းအဝေးသဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ခန့်အပ်လွှာ ပေးအပ်

သြဂုတ် ၂၇ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖယ်ဂျိုကိုစင်ဘာက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် ပေးအပ်စဉ်။

(သတင်း-ရှေ့)
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် သြဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamoto အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yuji Miyamoto အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

လက်ခံ တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yuji Miyamoto အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မေတ္တာအခါတော်နေ့ တရားတော် အသံလွှင့်မည်

ရန်ကုန် သြဂုတ် ၂၇

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကိတ္တိ (အဂ္ဂမဟာပဏ္ဍိတ)အမှူးပြုသော ဆရာတော်ငါးပါးတို့က ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) သြဂုတ် ၃၀ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် "မေတ္တာအခါတော်နေ့ တရားတော်"ကိုလည်းကောင်း၊မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် မန္တလေးတိုင်း မိတ္ထီလာမြို့ မြို့အရှေ့ ရွှေဘုံသာကျောင်း ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယက "ကောင်းကံကိုထမ်း ကောင်းသန္ဓေတည် ကောင်းလမ်းကို လျှောက်လှမ်းကြစို့ တရားတော်"ကို လည်းကောင်း အသံလွှင့် ဟောကြားတော်မူကြမည် ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၂၀ ၇။ စလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၂၁)**
- ၁:၁၀ ၇။ ပသောင်းတံတား
- ၁:၂၀ ၈။ **လောကနီတိ(၃) "အမေ့သား" (မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း) (ဒါရိုက်တာ-ခင်ဇော်)**
- ၂:၁၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၂၅ ၁၀။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း-၁)
- ၂:၃၅ ၁၁။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း-၂)
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၀ ၆။ အကပဒေသာ
- ၅:၂၅ ၇။ တေးဂီတအစီအစဉ်
- ၅:၄၀ ၈။ မြင်းခြံနုနုလွင်ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
- ၆:၀၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Discovery
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းဗိုင်ငယ် (အပိုင်း-၉)**
- ၇:၃၅ ၁၅။ **မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုးကုသခြင်း) (အပိုင်း-၁)**
- ၇:၄၅ ၁၆။ **စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ (အပိုင်း-၁)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသောအချစ် (အပိုင်း-၁၉)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ❋ သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- ❋ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ❋ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ❋ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့်မိမိနှင့်အများအတွက်ပါအကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ရန်ကုန်မိုးရေချိန် (၂၇-၈-၂၀၀၄)

ရန်ကုန်မြို့လယ်	-	၀ ဒသမ ၁၂ လက်မ
ကမ္ဘာအေး	-	၀ ဒသမ ၀၄ လက်မ
မင်္ဂလာဒုံ	-	၀ ဒသမ ၀၄ လက်မ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သရက်–မင်းတုန်းလမ်းမှ မင်းလှသို့ ဆက်သွယ်ဖောက်လုပ်နေသည့် မိုင် ၆၀ အရှည်ရှိ သရက်–မင်းလှလမ်း မိုင်တိုင်အမှတ်(၉/၂)၌ စက်ယန္တရားဖြင့် လမ်းတိုးချဲ့ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကံမ၊ သရက်–မင်းလှ ကားလမ်းတစ်လျှောက် လမ်းတံတားအဆင့်မြှင့်တင်နေမှုနှင့် ဒေသဖွံ့ဖြိုးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

မကွေးတိုင်း သရက်ခရိုင် ကံမမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီတွင် ကံမ–ရေနံ့သာ ကားလမ်းအတိုင်း လမ်းတံတားများ အဆင့်မြှင့်တင်နေမှုအခြေအနေနှင့် မိုးစပါးနှင့်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးထွက်ခွာလာရာ ရေနံ့သာကျေးရွာ မင်းတုန်းချောင်းဆိပ်ကမ်းသို့ ညနေ ၅နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မင်းတုန်းချောင်းတံတား

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က မင်းတုန်းချောင်း တံတား တည်ဆောက်ရေးအတွက် မြေသားစမ်းသပ်ပြီးစီးမှုအခြေအနေ၊ တံတားနေရာရွေးချယ်ထားမှု၊ တံတားဆောက်လုပ်မည့်ပုံစံ စသည်တို့နှင့်စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တံတားဆောလျင်စွာ ဆောက်လုပ်နိုင်ရေး၊ မြေစနစ်တကျ စမ်းသပ်တိုင်းတာရေး၊ နေရာရွေးချယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ မင်းတုန်းချောင်းသည် မိုးတွင်းအခါတွင် လူ၊ မော်တော်ယာဉ်များ ဖြတ်သန်းနိုင်မှုမရှိ၍ ကံမမြို့နှင့် သရက်မြို့အား ပုသိမ်–မုံရွာ လမ်းကြောင်း၊ ၎င်းမှ မင်းတုန်းမြို့မှတစ်ဆင့် သွားလာရသဖြင့် ၇၈ မိုင်ခန့် သွားလာရကြောင်း၊ မင်းတုန်းချောင်း တံတား ဆောက်လုပ်ပြီးစီးပါက ရာသီမရွေး သွားလာနိုင်ပြီး ၂၈ မိုင် တစ်ဖာလုံသာ ကွာဝေးမည်ဖြစ်ပြီး အချိန်တိုတောင်းစွာ သွားနိုင်မည်ဖြစ်ကြောင်း၊ ၎င်းလမ်းကြောင်းပေါ်ရှိ ကျေးရွာပေါင်း ၂၄ရွာမှ ပြည်သူ ၁၇၈၀၀ ကျော် အကျိုးကျေးဇူး ခံစားရမည်ဖြစ်ကြောင်း၊ တံတားဆောက်ရန် စီမံနေသကဲ့သို့ လမ်းအားလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြန်လည်ပြုပြင်၍ အဆင့်မြှင့်တင် ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၅ရက် နံနက် ၈နာရီခွဲတွင် သရက်မြို့မှ မော်တော်ယာဉ်များဖြင့် လမ်း/တံတား အဆင့်မြှင့်တင်နေမှုအခြေအနေ၊ မိုးစပါးနှင့် သီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် သရက်–မင်းတုန်းလမ်းအတိုင်း ကြည့်ရှုစစ်ဆေး ထွက်ခွာသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃၃/၄)နှင့် (၃၃/၅)အကြားရှိ သင်ချောင်းတံတားသို့ ရောက်ရှိပြီး တံတားအား ကြည့်ရှုစစ်ဆေးကာ တံတား တာရှည်ခိုင်ခံ့အောင် ကြံခိုင်မှုများပြုလုပ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ သင်ချောင်းတံတားမှာ ဘေလီတံတား အမျိုးအစားဖြစ်သည်။ အရှည်ပေ ၁၇၀ ရှိပြီး တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်သည်။ ယခင်က ၎င်းတံတားမရှိ၍ မိုးရာသီတွင် ယာဉ်များ သွားလာနိုင်မှုမရှိသဖြင့် လွန်ခဲ့သည့်နှစ်က ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တည်ဆောက်ပေးခဲ့ပြီး ယခုအခါ ၎င်းလမ်းမကြီးတစ်လျှောက်ရှိ သရက်နှင့် မင်းလှမြို့နယ်မှ ကျေးရွာ ၃၉ရွာမှ ပြည်သူ ၃၄၀၀၀ ကျော်၏ ခရီးသွားလာရေးနှင့် ထွက်ကုန်သီးနှံများ ပို့ဆောင်ရေးတွင် မော်တော်ယာဉ်များဖြင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီဖြစ်သည်။

ယင်းတံတား မပြီးစီးမီက မိုးရာသီတွင် သရက်မှမင်းဘူးသို့ သွားရောက်လိုပါက မင်းတုန်း–ပဒါန်းလမ်းမှ လှည့်သွားရပြီး (၁၁၂/၂)မိုင် သွားရမည်ဖြစ်သည်။ ယခုလမ်းမှ တိုက်ရိုက်သွားပါက ၈၆ မိုင်သာ သွားရမည်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ဩဂုတ် ၂၆ရက်တွင် မကွေးမြို့မှ မြန်မာ့လေကြောင်းဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ ရွှေတိဂုံစေတီတော်နှင့် တပ်မတော်စစ်သမိုင်းပြတိုက် လေ့လာ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Advisor, Colonel Hj. Abbas Bin Hj.Matနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေ့ဦးစွာ မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြပြီး စနေထောင့်ရှိ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် သာယာဝတီမင်းခေါင်းလောင်းတော်တို့အား ကြည်ညိုလေ့လာကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် မလေးရှားနိုင်ငံ ဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူ များက ကြိုဆိုကြပြီး ပြတိုက်အတွင်းရှိ ပြခန်းများအလိုက် လိုက်လံရှင်းလင်း ပြသသည်။

ယင်းနောက် မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamedသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် မလေးရှားနိုင်ငံ မလေးရှား ဘုရင့်လေတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed ဦးဆောင်သော အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီ၂၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Advisor, Colonel Hj. Abbas Bin Hj.Matနှင့်တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။(သတင်းစဉ်)



စက်သုံးဆီ ခြိုးခြံ ချွေတာရေး

- ▲ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ▲ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီးရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။
- ▲ ထိုငွေဖြင့် ရေဝတီ မြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်း၊ ဌာနများမှ ကျောင်းသား၊ကျောင်းသူများ၊ ထူးချွန်သူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်း၊ ဌာနများမှ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့ရသူများ၊ အားကစား ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုပွဲနှင့် အလှူရှင်များက ငွေလှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဂုဏ်ပြုအမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အလှူရှင် Sun Far Travel & Tours Co., Ltd. မှမိခင် ဒေါ်ရန်တီနှင့် ဦးသန်းဦး မိသားစုက ငွေကျပ်၁၃သိန်း ငါးသောင်း၊ Naing Group ဆောက်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးကငွေကျပ် သုံးသိန်း၊ ILBC မှ ဦးတင်မောင်ဝင်းက ငွေကျပ် သုံးသိန်း၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ်နှစ်သိန်း၊ မိခင်ကြီး ဒေါ်ခင်နွဲ့ရီ အားအမှူးထား၍ သား ဒေါက်တာ တင့်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်တို့က ငွေကျပ်နှစ်သိန်း၊ Foremost Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ရှိန်နှင့် ဖူးဒတ်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးကြည်သိန်းတို့က ငွေကျပ်တစ်သိန်း၊ ကမ္ဘာအေးစေတီလမ်းနေ ဦးတင်လှ၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည်က ငွေကျပ်တစ်သိန်း၊ Total Fina elf E&P Myanmar မှ ဌာနမှူးဒေါက်တာ ဆန်းလွင်ဌေးက အက်ဖ်အီးစီ ၃၀၀၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းက ငွေကျပ် ၃၉၀၀၀၊ ပို့ဆောင်ရေးဦးစီးဌာနက ငွေကျပ် တစ်သိန်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ငွေကျပ်တစ်သိန်း၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘော လုပ်ငန်းက ငွေကျပ်တစ်သိန်း၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ငွေကျပ်တစ်သိန်း၊ Yangon Air Way ကငွေကျပ်တစ်သိန်းတို့ကို သင်တန်းကျောင်း၊ ဌာနများမှ ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်တို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းအဆင့် တံခွန်စိုက် မြန်မာ့သိုင်း ပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသူနှစ်ဦးနှင့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဝိဇ္ဇာဘွဲ့ရ မျက်မမြင်ကျောင်းသားနှစ်ဦးအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဂုဏ်ပြုဆုများချီးမြှင့်သည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သောကျောင်းသား၊ကျောင်းသူများကိုယ်စား မန္တလေး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကျောင်းသူ မသွယ်သွယ်အေးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

Sun Far Travel & Tours Co., Ltd. မှ မိခင် ဒေါ်ရန်တီနှင့် ဦးသန်းဦးမိသားစုက ငွေကျပ် ၁၃၅၀၀၀၀ ကို ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားလေးဦးအား ဂုဏ်ပြုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

ဩဂုတ်၂၅ရက်က တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယ (၁၁)လမ်း အမှတ်(၂၅၅)နေ ဦးကိုကိုအောင်-ဒေါ်နီလာထွန်း၊ သား- မောင်ကောင်းစည်သူ၊ သမီး-မီးမီးသဲမိသားစုက တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၃)ဝိုင်း ဒေဒရဲကျောင်းဝင်းအတွင်း ပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး ဆောက်လုပ်ရန် အလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆရာတော်နှင့် အကျိုးတော်ဆောင်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ စက်မှုဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၂၇

တောင်ဥက္ကလာပစက်မှုဇုန်နှင့် သာကေတစက်မှုဇုန် တာဝန်ခံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ယမန်နေ့ညနေပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် စက်မှုဇုန်(၃)လမ်းရှိ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ တောင်ဥက္ကလာပစက်မှုဇုန်နှင့် သာကေတစက်မှုဇုန်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများအား တွေ့ဆုံ၍ တောင်ဥက္ကလာပစက်မှုဇုန်အနေဖြင့် ခေတ်ငွေ့ရည်သုံးသည့် မော်တော်ယာဉ် အင်ဂျင်စက် အစိတ်အပိုင်းများ တီထွင်ထုတ်လုပ်နိုင်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တီထွင်ကြံဆမှုများ၊ ကြိုးပမ်းအားထုတ်မှုများ ပိုမိုပြုလုပ်ကြရေးတို့ကို မှာကြားသည်။

ထို့နောက်စက်မှုဇုန်များမှ တာဝန်ရှိသူများက လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုများကို တင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များမှာကြားပြီး ဥက္ကလာပဂျစ်ကား၊ ဥက္ကလာပ နှစ်တန်ကုန်တင်ယာဉ်တို့ ထုတ်လုပ်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မိုးယွန်းကြီးအင်းနှင့် သစ်စက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အေးမြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ရောက်ရှိသည်။ ဝန်ကြီးသည် ရှင်းလင်းဆောင်၌ တင်ပြချက်များနှင့် ပတ်သက်၍ ပွင့်လင်းရာသီအမီ နားနေဆောင်များ ပြုပြင်ထိန်းသိမ်းရေး၊ စိမ်းလန်း စိုပြည်ရေးအတွက် ယခုမိုးရာသီအမီ သစ်ပင်များ ထပ်မံစိုက်ပျိုးရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဘုရားကလေးကျေးရွာရှိ အမှတ်(၃၃) သစ်စက်သို့ ရောက်ရှိပြီး ပြည်ပသို့ပို့ရန် ခွဲစိတ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ပသို့ တင်ပို့ရေး၊ လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရေး မှာကြားသည်။ ထို့နောက် ဘုရားကြီးကျေးရွာရှိ အမှတ် (၉၀) သစ်စက်ကို သွားရောက်စစ်ဆေးသည်။ ဆက်လက်၍ Beautiful Wood Co. ၏ သစ်အခြေခံ စက်မှုအလုပ်ရုံသို့ ရောက်ရှိရာ တာဝန်ခံ ဦးညိုလေးက ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်လျက်ရှိသော ပါကေးအမျိုးမျိုး၊ လှျာထိုးအမျိုးမျိုး ထုတ်လုပ်မှုအဆင့်ဆင့်ကို စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးက ပြည်ပဈေးကွက် ပိုမိုရရှိရေးနှင့် ဝင်ငွေတိုးတက်ရေး၊ ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချင်စု-မြန်မာ ကုမ္ပဏီ လီမိတက်၏ ချင်စု-မေဖလားဝါး အထပ်သားစက်ရုံနှင့် ပဲခူးမြို့နယ် ဘဏ္ဍာကုန်းရှိ ဝင်းနှင့်ဝင်း ကုမ္ပဏီ၏ သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

တောင်ဥက္ကလာ စက်မှုဇုန်နှင့် သာကေတစက်မှုဇုန် တာဝန်ခံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တောင်ဥက္ကလာပ(၈)ရပ်ကွက် စက်မှုဇုန်(၃)လမ်းရှိ တောင်ဥက္ကလာပ စက်မှုဇုန်မှထုတ်လုပ်သော ဥက္ကလာပ နှစ်တန်ကုန်တင်ယာဉ်အား ကြည့်ရှုစစ်ဆေးစဉ်။ (စီးပွား/ကူးသန်း)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၇-၈-၂၀၀၄)

စစ်တွေ	- ၈ဒသမ၇၄လက်မ
ကျောက်ဖြူ	- ၆ဒသမ၄၉လက်မ
မောင်တော	- ၄ဒသမ၁၀လက်မ
သာယာဝတီ	- ၂ဒသမ၈၇လက်မ
မင်းဘူး	- ၂ဒသမ၁၂လက်မ

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုပေးအပ်ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ် (၃၆)ကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အခမ်းအနားသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်း ဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ဥက္ကဋ္ဌများ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)နှင့် ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီအနေဖြင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် နေ့စဉ်ထွက် ကားစီးရေနှင့် သတ်မှတ်ခေါက်ရေ လျာထားချက်များပြည့်မီရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာဆောင်ရွက်ရေး စသည်တို့ကို ကြပ်မတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် မော်တော်ယာဉ်စီးရေ ၂၂၀၀ ကျော်ရှိပြီး နေ့စဉ်ထွက်ကား ၁၈၀၀ ကျော်တို့မှ ခေါက်ရေပေါင်း ၁၇၅၀၀ ကျော် ပြေးဆွဲကာ ခရီးသည် ၂၄ သိန်းကျော်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် မြို့တော်အတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့က မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပေါ်ရခြင်း၊ ယာဉ်စီးခများပိုမိုတောင်းယူခြင်း၊ ခရီးသွားပြည်သူများအပေါ် မချေမငံရိုင်းပျစွာ ပြုမူဆက်ဆံခြင်း၊ ဝန်ထမ်းအခမဲ့ ယာဉ်စီးခွင့်လက်မှတ် (ကူပွန်)ဖြင့် စီးနင်းသူကို မချေမငံပြောဆိုဆက်ဆံခြင်းအစရှိသည့် စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်မှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊စည်းကမ်းဖောက်ဖျက်ပါကလည်း ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ကြရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ထို့နောက် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)မှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုငွေများကို ဌာနခွဲကော်မတီများအလိုက် ပေးအပ်ချီးမြှင့်ရာ ဌာနခွဲ(၁)အတွက် ငွေကျပ် ၁၀၅၄၅၉၄၀၊ ဌာနခွဲ(၂) အတွက် ငွေကျပ် ၇၂၉၄၈၈၀၊ ဌာနခွဲ(၃) အတွက်ငွေကျပ် ၉၆၇၃၅၇၀၊ ဌာနခွဲ(၄) အတွက် ငွေကျပ် ၆၁၄၃၃၀၀၊ ဌာနခွဲ(၅) အတွက် ငွေကျပ် ၇၀၀၁၁၀၊ ဌာနခွဲ(၆) အတွက်ငွေကျပ် ၆၂၈၆၈၉၀၊ ဌာနခွဲ(၇) အတွက်ငွေကျပ် ၇၇၃၀၈၉၀၊ ဌာနခွဲ(၈) အတွက် ငွေကျပ် ၈၃၆၀၈၇၀၊ ဌာနခွဲ (၉) အတွက် ငွေကျပ် ၁၀၉၆၈၈၃၀နှင့် ရုံးချုပ်ဝန်ထမ်းများအတွက် ငွေကျပ် ၂၆၁၈၁၀၀တို့ကို ပေးအပ်ရာ ဌာနခွဲကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)တို့က မော်တော်ယာဉ်များပေါ်၌ ခါးပိုက်နှိုက်များကို ဝိုင်းဝန်းဖမ်းဆီးပေးသည့် ယာဉ်လုပ်သားများ၊ ခရီးသည်များ မေ့ကျန်ခဲ့သည့်ပစ္စည်းများကို ရိုးသားစွာပြန်လည်ပေးအပ်ခဲ့သည့် ယာဉ်လုပ်သားများ၊ ခရီးသည်များအပေါ် လူမှုရေးအသိစိတ်ဓာတ်ဖြင့် ကူညီခဲ့သည့် ယာဉ်လုပ်သားများ စုစုပေါင်း ၇၃ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများသင်ကြားပို့ချပေးခဲ့သည့် ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီစည်းဝေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများ ကြီးကြပ်မှု ကော်မတီ(၁၃/၂၀၀၄) အစည်းအဝေးကို ယမန်နေ့နံနက် ၈နာရီခွဲတွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီနာယက၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လှအောင်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်၊ မြန်မာ့လေကြောင်း အင်ဂျင်နီယာချုပ် ဦးရန်ပြေနှင့် ကော်မတီအဖွဲ့ဝင်များ၊ လေကြောင်းလိုင်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးဗိုလ်မှူးဝင်းထွန်းဦးက (၁၂/၂၀၀၄) အစည်းအဝေး ဆုံးဖြတ်ချက်များကို တင်ပြသည်။

ဆက်လက်၍ C.E Technology မှ ဦးစိုးဝင်းထွန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့တည်ဆောက်ပြီးစီးသည့်အခါ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ မြန်ဆန်သွက်လက်စေရေးအတွက် ခေတ်မီ Electronic မြေပြင် အထောက်အကူပစ္စည်းများ တပ်ဆင်အသုံးပြုမည့်အစီအမံများကို ရှင်းလင်းပြသတင်ပြသည်။

ထို့နောက် မြန်မာ့လေကြောင်း အင်ဂျင်နီယာချုပ် ဦးရန်ပြေက လေဆိပ်တွင် အသုံးပြုမည့် မြေပြင်သုံးအထောက်အကူပြုပစ္စည်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က လေဆိပ်အဝင်မုခ်ဦးဆိုင်းဘုတ်များ ပြုပြင်တပ်ဆင်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လှအောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဌာနပေါင်းစုံ ဝိုင်းဝန်းညှိနှိုင်း ဆောင်ရွက်ကြရေးအကြံပြုဆွေးနွေးတင်ပြပြီးအစည်းအဝေး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြကာ အစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၇

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဩဂုတ် ၃၀ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂နာရီခွဲတွင် မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တဉာဏိဿရ (ဓမ္မာစရိယ) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် မကွေးတိုင်း ငဖဲမြို့ ကန်လယ်မင်းကျောင်း ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အရှင်သူမြတ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်သည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၁) ရပ်ကွက် ယုဇနလမ်း အမှတ်(၁၅၆) နေ ဦးသန်းထွေး-ဒေါ်သန်းသန်း မိသားစုက သမီး မခိုင်နွယ်ဦး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဗိုလ်တဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေးငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့နာယက ဦးချစ်လှိုင် ဩဂုတ် ၉ရက်ကလက်ခံယူစဉ်။

(က-ပ)

မြန်မာ-တရုတ် စာချုပ်လွှာများ လက်မှတ်ရေးထိုး စက္ကူထုတ်လုပ်ရေးနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနတို့သည် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာ MoU များကို ဩဂုတ် ၂၅ရက် ညနေ ၆နာရီခွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းအခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Group မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Biotechnologies Groupမှ Chief Executive Officer Mr. Deng Chongyun သည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် မုံရွာ တစ်နေ့တန် ၂၀၀ပျော့ဖတ်နှင့် စက္ကူစက်ရုံ စီမံကိန်းနှင့် သစ်တောစိုက်ခင်းထူထောင်ရေး စီမံကိန်းအတွက် လည်းကောင်း၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် Downstream Oil & Gas စီမံကိန်းများ တည်ဆောက်ရေးအတွက် လည်းကောင်း၊ နားလည်မှုစာချွန်လွှာ MoU များ လက်မှတ်ရေးထိုးခဲ့ကြပြီး MoUများကို အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂) ရပ်ကွက် သာသနာသာစည်ကျောင်းတွင် မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဦးဝိဓေယျ (အစိုးရဓမ္မာစရိယ)သည် စက်တင်ဘာ ၂ ရက်မှ ၈ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ပဋ္ဌိစ္စသမုပ္ပာဒ်သစ္စာလေးပါးတရားတို့ကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ စက်တင်ဘာ ၁ ရက် ညနေအရောက်လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

ခြေစမ်းပွဲကစားရန် ဟောင်ကောင်ကလပ် အသင်းရောက်ရှိ ဆုကြေးစား ၁၁ ဦးနှင့် လက်ရွေးစင်သုံးဦး ပါဝင်လာ

သတင်းဆောင်းပါး –ညီညီစိုးညွန့်၊ ဓာတ်ပုံ –စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၇

မြန်မာ–ဟောင်ကောင် ချစ်ကြည်ရေးအစီအစဉ်အရ ဟောင်ကောင်မှ Kitchee ကလပ်အသင်းသည် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ကွင်း၌ မြန်မာ့လက်ရွေးစင်အသင်း၊ အဖွဲ့ချုပ်ညွန့်ပေါင်းလက်ရွေးစင်အသင်း၊ အဆင့်မြင့်တန်း ကလပ်အသင်းများဖြစ်သည့် ဘဏ္ဍာအခွန်၊ ကာကွယ်ရေးအသင်းတို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ချစ်ကြည်ရေး ခြေစမ်းပွဲများအဖြစ် ဩဂုတ် ၂၈ရက် (ယနေ့)တွင် အဖွဲ့ချုပ် ညွန့်ပေါင်း လက်ရွေးစင် အသင်းနှင့် Kitchee အသင်း၊ ဩဂုတ်၃၀ရက်တွင် ကာကွယ်ရေး ဝန်ကြီးဌာနဘောလုံး အသင်းနှင့် Kitchee အသင်း၊ စက်တင်ဘာ၂ရက်တွင် ဘဏ္ဍာ/အခွန် အသင်းနှင့် Kitchee အသင်း၊ စက်တင်ဘာ ၅ရက်တွင် L.G ဖလားပြိုင်ပွဲပြန် မြန်မာ့လက်ရွေးစင်အသင်းနှင့် Kitchee အသင်း စုစုပေါင်း လေးပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဩဂုတ် ၂၈ ရက် ယနေ့ ညနေတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ချစ်ကြည်ရေး ပထမပွဲအဖြစ် အဖွဲ့ချုပ် ညွန့်ပေါင်း လက်ရွေးစင်အသင်းနှင့် Kitchee အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဖွဲ့ချုပ် ညွန့်ပေါင်းလက်ရွေးစင် အသင်းသည် ယခုချစ်ကြည်ရေးခြေစမ်း ပွဲအတွက် ရည်ရွယ်၍ ကစားသမား ၂၄ဦးဖြင့် ဖွဲ့စည်းသော်လည်း ယခု ခြေစမ်းပွဲတွင် ကစားသမား ၂၂ ဦးဖြင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အဆိုပါ အသင်းကို နည်းပြချုပ် ဦးခင်မောင်တင့် (ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြ ဦးကျော်လွင် (ကာကွယ်ရေး) တို့က ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးခဲ့သည်။

ချစ်ကြည်ရေး ခြေစမ်းပွဲ လေးပွဲ လာရောက်ကစားသည့် ဟောင်ကောင်မှ Kitchee ကလပ်အသင်းသည် သက်တမ်း နှစ် ၇၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။ အသင်းကို ၁၉၃၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယမန်နှစ် ပြည်တွင်း အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယ ဆုကို ရရှိခဲ့သည်။ ဆုကြေးစားဘောလုံး သမား ၁၁ ဦး၊ ဟောင်ကောင်လက်ရွေး စင် သုံးဦးပါဝင်လာပြီး ယခုနှစ် မေ ၃၁ ရက်တွင် အေစီမီလန် အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဇူလိုင် ၁၈ရက်တွင် နယူးကာဆဲလ် အသင်းနှင့် ခြေစမ်းခဲ့ရာ တစ်ဂိုးစီ သရေကျခဲ့ကြောင်းသိရသည်။

ယခုခြေစမ်းပွဲနှင့် ပတ်သက်၍ အဖွဲ့ချုပ်ညွန့်ပေါင်းလက်ရွေးစင်အသင်း အား ကြေးမုံက သွားရောက်တွေ့ဆုံ မေးမြန်းရာ နည်းပြချုပ် ဦးခင်မောင် တင့်က ဤသို့ရှင်းပြသည်။

"အသင်းကို ယခုခြေစမ်းပွဲအတွက် ရည်ရွယ်၍ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ဩဂုတ်၁၂ရက်တွင် စတင်လေ့ကျင့်ခဲ့ကြောင်း၊ စတင်လေ့ကျင့်ချိန်တွင် လူအပြည့်အစုံမရှိသေးဘဲ ၁၆ရက်ကျမှ လူစုံခဲ့ကြောင်း၊ ရွေးချယ်ထားသည့် ကစားသမားများထဲမှ တစ်ဦးသာ မိမိတို့နှင့် မဆက်သွယ်ခဲ့ကြောင်း၊ မိမိတို့ အသင်းတွင် လက်ရွေးစင်ဟောင်းများ၊ L.G ဖလားပြိုင်ပွဲအတွက် အပြီးသတ် ရွေးချယ်ရာတွင် ကျန်ရစ်ခဲ့သော ကစားသမား၊ သက်တမ်းအလိုက် လူငယ်လက်ရွေးစင်များ ပါဝင်ကြောင်း၊ အသင်းမှာလေ့ကျင့်ချိန် နှစ်ပတ်သာ ရရှိ၍ စိတ်ကြိုက် ပြင်ဆင်ခွင့်မရခဲ့ကြောင်း၊ သို့သော် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်လေ့ကျင့်ပေးခဲ့ကြောင်း။

စတင်လေ့ကျင့်ချိန်မှ ဩဂုတ်၂၄ရက်အထိ အသင်းမှ ရွေးချယ်ထားသော ဘဏ္ဍာ/အခွန် အားကစားသမား ခြောက်ဦးကို မိခင်ကလပ်တွင် ပြန်လေ့ကျင့်ရန် နံနက်ပိုင်းတွင် ပြန်ပေးရကြောင်း၊ ဘဏ္ဍာ/အခွန်အသင်းမှာလည်း စက်တင်ဘာ ၂ရက်တွင် ဟောင်ကောင်ကလပ်နှင့် ခြေစမ်းရန် လေ့ကျင့်နေသော အသင်းဖြစ်ကြောင်း၊ ထို့ကြောင့် နံနက်ပိုင်းတွင် လူမစုံ၍ ကြံ့ခိုင်မှုသာဦးစားပေးလုပ်ပြီး ညနေ

လေ့ကျင့်ချိန် နည်းသော်လည်း ရလဒ်ကောင်းအောင် အထူးကြိုးစားသွားမည်ဟုဆိုသွားသည့် အဖွဲ့ချုပ် ညွန့်ပေါင်းလက်ရွေးစင် အသင်း နည်းပြချုပ် ဦးခင်မောင်တင့်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကျမှ အသင်းလိုက်ကစားကွက်၊ တိုက်စစ်၊ ခံစစ်တို့ကို လေ့ကျင့်ကြောင်း၊ ဩဂုတ် ၂၅ရက်ကျမှ ဘဏ္ဍာ/အခွန် အားကစားသမားများကို မိခင်အသင်းသို့ ပြန်မပေးတော့၍ အသင်းကို ထိထိရောက်ရောက် ပိုမိုလေ့ကျင့်လာနိုင်၍ အားရမိကြောင်း။

မိမိအနေဖြင့် ဩဂုတ်၂၇ရက်တွင် တစ်ဖက်အသင်းလေ့ကျင့်မှုကို ကြည့်ရှုပြီး အသင်းကို အနည်းငယ်ပြုပြင်မည် ဖြစ်ကြောင်း၊ပွဲကျလျှင်လည်းဟောင်ကောင် အသင်းကစားပုံကို မမြင်ဖူးသေး၍ ကလေးတွေကို တိုက်စစ်ကို ရဲရဲဖွင့် မကစားခိုင်းကြောင်း၊ ခံစစ်ကိုလုံအောင် လုပ်ပြီးမှ တိုက်စစ်ဆင်ကစားမည်ဖြစ်ကြောင်း၊ ၁၅မိနစ်ကျလျှင် တစ်ဖက် အသင်းအနေအထားကို သိရှိနိုင်မည် ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကစားကွက်နှင့် အံဝင်သူများကို ဦးစားပေးပွဲထုတ်သွားမည် ဖြစ်ကြောင်း၊ ကစားကွက်ကိုလည်း ပုံသေမထားဘဲ လိုသလို ပြောင်းကစားမည်ဖြစ်ကြောင်း၊ တစ်ဖက် အသင်းမှာ အရပ်အမောင်းကောင်း၍ အမြင့်ဘောကစားရန် မလွယ်ကြောင်း၊ ကလေးတွေကို စိတ်ဓာတ်မြှင့်တင်ပေးထားကြောင်း၊ ရလဒ်ကောင်းရန်လည်း အထူးကြိုးစားမည် ဖြစ်ကြောင်း" ပြောကြားသွားသည်။

ချစ်ကြည်ရေး ခြေစမ်းပွဲများကစားမည့် Kitchee အသင်းအကြောင်းကို မြန်မာဘောလုံး ပရိသတ်ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန်အတွက် ကြေးမုံသတင်း အဖွဲ့က အဆိုပါ အသင်းတည်းခိုရာ Central ဟိုတယ်သို့ သွားရောက် မေးမြန်းခဲ့ပါသည်။ Rover Travel Service Limitedမှ ဒေါ်ကြည်ကြည်မြင့်၏အကူအညီဖြင့် Kitcheeအသင်း အုပ်ချုပ်သူ Mr.Sek Kam Wahနှင့် တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

"မြန်မာ ဘောလုံးအသင်းများ အနေဖြင့် အဆင့်မြင့်လာပြီး တိုးတက်လာသည့်အတွက် မိမိတို့အနေဖြင့် စိတ်ဝင်စားပြီး ခြေစမ်းပွဲများလာရောက်ကစားခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်း အနေဖြင့် ယခုချစ်ကြည်ရေး ခြေစမ်းပွဲအတွက် ဟောင်ကောင်တွင် လေ့ကျင့်ချိန် ရက်၂၀ကျော်ရရှိခဲ့ကြောင်း၊အသင်းတွင် ဟောင်ကောင်လက်ရွေးစင် သုံးဦးအပြင် ကြေးစားဘောလုံးသမားများ အနေဖြင့် ဘရာဇီးမှ သုံးဦး၊ ဆားဘီးယားနှင့် မွန်တီနီဂရိုးမှ နှစ်ဦး၊ ဂျပန်မှ တစ်ဦး၊ တရုတ်နိုင်ငံမှ ငါးဦး စုစုပေါင်း ၁၁ ဦးပါဝင်လာကြောင်း။

စက်တင်ဘာ ၈ရက်တွင်ဟောင်ကောင်လက်ရွေးစင်နှင့် ကူဝိတ်အသင်းတို့ ကစားရန်ရှိသည့်အတွက် ဘဏ္ဍာ/အခွန်နှင့်ပွဲအပြီးတွင် မိမိတို့အသင်းမှ လက်ရွေးစင် အားကစားသမားများ ဟောင်ကောင်သို့ပြန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နောက်ဆုံးခြေစမ်းပွဲတွင် ထိုလက်ရွေးစင်ကစားသမားများ ပါဝင်မည်မဟုတ်ကြောင်း၊ ယခုခြေစမ်းပွဲများ အပြီးတွင် ဟောင်ကောင်၌လာမည့် ဘောလုံးရာသီအတွက် ဆက်လက် ပြင်ဆင်မည်ဖြစ်ကြောင်း၊ ယခုနှစ် အကုန်ကျမှ ဗီယက်နမ်တွင်ခြေစမ်းပွဲများသွားရောက်ကစားမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် မြန်မာအသင်းများကို သဘောကျကြောင်း၊ ယခင်ကထက် တိုးတက်လာ၍ ဝမ်းသာမိသလို ဒီထက်ပိုမိုတိုးတက်စေလိုကြောင်း၊ မိမိအနေဖြင့် ဟောင်ကောင်အသင်း ဘယ်လောက် ကစားနိုင်သလဲဆိုတာ မြန်မာဘောလုံးပရိသတ်ကို ပြသလိုကြောင်း၊ မိမိတို့အနေဖြင့် ပွဲတိုင်းအနိုင်ရအောင် ကြိုးစားမည်ဖြစ်ပြီး တိုက်စစ်ကိုဖွင့်ကာ ဂိုးရအောင်ကြိုးစားမည်ဖြစ်ကြောင်း၊ ယခုခြေစမ်းပွဲများတွင် မြန်မာအသင်း

များအနေဖြင့် ရှိသမျှအားကုန်ထုတ်ပြီး ပြိုင်ပွဲသဖွယ်ကစားစေလိုကြောင်း၊မိမိတို့ အသင်းကစားပုံကို မြန်မာဘောလုံး ပရိသတ် လာရောက်ကြည့်ရှုပါဟု ဖိတ်ခေါ်ပါကြောင်း" ပြောကြားသွားသည်။

အဖွဲ့ချုပ် ညွန့်ပေါင်းလက်ရွေးစင် အသင်းတွင် ဂိုးသမား–ဇော်မိုးထက်၊ ရဝေဇင်၊ နောက်တန်း–မောင်မောင်မြင့်၊ ကျော်ကျော်ဝင်း၊ အောင်ကျော်မြင့်၊ ကျော်ခိုင်ဝင်း၊ အောင်ထွန်းလင်း၊ ကျော်ဇေယျာမင်း၊ အလယ်တန်း–ထွန်းထွန်းဝင်း၊ ခင်မောင်ထွန်း၊ ကျော်သူရ၊ ပေါ်ထွန်းကျော်၊ မင်းမင်းထွန်း၊ ကျော်ကျော်စိုး၊ ဇော်မျိုးမင်း၊ အောင်သန်းဝင်း၊လှအေးထွေး၊ ရှေ့တန်း–ကျော်ဇင်ဝင်း၊ မြတ်မင်းဦး၊ စည်သူဝင်း၊ ကျော်သီဟနှင့် ဆန်းဒေးသိန်း တို့ပါဝင်ကြသည်။

Kitchee အသင်းတွင် အုပ်ချုပ်၊ နည်းပြ ကစားသမားများ စုစုပေါင်း ၂၉ဦး လိုက်ပါလာသည်။

(ကြေးမုံ)

ချစ်ကြည်ရေးအတွက် လာရောက် ခြေစမ်းကစားခြင်း ဖြစ်ကြောင်း ပြောကြားသွားသူ ဟောင်ကောင် Kitchee အသင်းအုပ်ချုပ်သူ Mr. Sek Kamwah။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ချစ်ကြည်ရေး ခြေစမ်းပွဲ လေးပွဲ ကစားမည့် ဟောင်ကောင် Kitchee အသင်းအား အောင်ဆန်းအားကစားကွင်း၌ တွေ့ရစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မိုးရာသီ အလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၄ခုနှစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲကို ယမန်နေ့နံနက်၉နာရီမှစ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

ဩဂုတ် ၂၆ရက် ပွဲစဉ်များတွင် အမျိုးသမီးပွဲစဉ်များမပါဝင်ဘဲ အမျိုးသားပြိုင်ပွဲသာလျှင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ကက(ရေ)အသင်းကို သုံးပွဲ–ပွဲမရှိဖြင့် လည်းကောင်း၊ ပြည်ထဲရေးအသင်းက ပို့ဆောင်ရေးအသင်းကို သုံးပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ ကာကွယ်ရေး(လူငယ်) အသင်းက မြို့တော်စည်ပင်အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပတ်လည်စနစ်ဖြင့် ကစားခြင်းဖြစ်၍ တစ်သင်းလျှင် ခြောက်ပွဲစီကစားရမည်ဖြစ်သည်။ ယင်းနေ့ပွဲစဉ်များအပြီးတွင် ကာကွယ်ရေး(လူငယ်)အသင်းက လေးပွဲကစား လေးပွဲနိုင်၊ မြို့တော်စည်ပင်အသင်းက လေးပွဲကစား သုံးပွဲနိုင် တစ်ပွဲရှုံး၊ ပြည်ထဲရေးအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်–တစ်ပွဲရှုံး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး၊ ကက(ရေ)အသင်းက လေးပွဲကစား တစ်ပွဲနိုင် သုံးပွဲရှုံး၊ ပို့ဆောင်ရေးအသင်းက သုံးပွဲကစား သုံးပွဲရှုံး၊ ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းက သုံးပွဲကစား သုံးပွဲရှုံး စသည့်ရလဒ်များ ထွက်ပေါ်လျက်ရှိသည်။

အမျိုးသမီးပြိုင်ပွဲကိုလည်း ပတ်လည်စနစ်ဖြင့်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ငါးသင်း ယှဉ်ပြိုင်လျက်ရှိကာ တစ်သင်းလျှင် လေးပွဲစီကစားရမည် ဖြစ်သည်။ ပြည်ထဲရေးအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင်၊ ပို့ဆောင်ရေး(က) အသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ပို့ဆောင်ရေး(ခ) အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲရှုံး၊ စက်မှု(၁)အသင်းက သုံးပွဲကစား တစ်ပွဲနိုင် နှစ်ပွဲရှုံး၊ ကာကွယ်ရေးအသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံး စသည်ဖြင့် ရလဒ်များ ထွက်ပေါ်လျက်ရှိသည်။

အမျိုးသား၊အမျိုးသမီးအုပ်စုပွဲစဉ်များကို ဩဂုတ် ၂၇ရက် နံနက် ၉နာရီမှစ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက်ကျင်းပသည်။ (ကြေးမုံ)

၂၀၀၄ခုနှစ် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ဩဂုတ် ၂၇ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ၌ ပြည်ထဲရေးအသင်း ရိုက်ချက်ကို ပို့ဆောင်ရေး(ခ) အသင်း ဆယ်မစဉ်။ (ကြေးမုံ)

မိုလ်တထောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၃) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၀ ရက်ကကျင်းပရာ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မဝတ်ရည်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုက ရွှေလက်စွပ်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (၂၃)

ရုပ်ပါသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

အရည်အချင်းရှိတဲ့ ဆရာတွေနဲ့ တွေ့ခဲ့ရတယ်ဆိုတဲ့ ဆောင်းအိန္ဒြေထွန်း၊ ဖန်ခြေနင်းနဲ့ ယမင်းရွှေစင် ရုပ်/သံဇာတ်လမ်းတွဲမှာ ဗီလိန်အဖြစ် သရုပ်ဆောင်ခဲ့သော ဆွန်ဟီးရဲ့ မုန်တိုင်းပမာ နှစ်များစွာ၊ ဂျူးရဲ့ဝတ္ထုကို အသက်သွင်းထားသော ရေခဲတောင်ဇာတ်ကားအတွက် စင်ရော်ကြီး နိုင်ငံခြားသွားပြန်ပြီ၊ ရုပ်ရှင်ဇာတ်ကားကြော်ငြာတွေမှာ နာမည်ရှေ့နောက် ပြဿနာထဲမှာ ဝါကြီးသော ရာဇာ ပြဿနာ၊ မြန်မာ့ဂီတသစ်နယ်ပယ်တွင် ကိုယ်ပိုင်သံစဉ်ဖြင့် တစ်ခေတ် တည်ဆောက်သွားခဲ့သော ထူးအိမ်သင်အတွက် အမှတ်တရ ဖြစ်သော တေးဆိုငှက်၏အလွမ်း၊ မောင်ကျော်ဇောရဲ့ စုံနံ့သာမြိုင်အလွမ်းနှင့် ဟောလိဝုဒ်၏ ရွှေရောင်မျိုးဆက်သစ် (သို့မဟုတ်) ရီ(စ်) ဝယ်သာစပွန်းစသော ပြည်တွင်းပြည်ပရုပ်ရှင်နှင့် ဂီတအနုပညာရှင် စုပါတို့ဘဝ၊ အလှများဖြင့် ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) (၂၉)လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

တရားပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

ဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မဒူတ အရှင်ဆေကိန္ဒသည် ဩဂုတ်၂၈ရက် ည၇နာရီခွဲတွင် မန္တလေးမြို့ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ ရတနာဃရ ၁၄ခန်းဓမ္မာရုံတော်၌ တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရွာရန် ရာနှုန်း(၆၀) ဖြစ်သည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ PAN MEGA Co., Ltd.ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် အမှတ် ၁၃၆၃/၁၉၉၇-၁၉၉၈မူရင်းသည် ခရီးသွားလာစဉ် ခရီးဆောင်အိတ်အတွင်းမှ ကျန်ရစ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကကုမ္ပဏီလိပ်စာပါအတိုင်း ပြန်လည်ပေးပို့ပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ PAN MEGA MANAUFACTURING Co., Ltd. ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် အမှတ် ၁၃၆၂/၁၉၉၇-၁၉၉၈ မူရင်းသည် ခရီးသွားလာစဉ် ခရီးဆောင်အိတ်အတွင်းမှ ကျန်ရစ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကုမ္ပဏီလိပ်စာပါအတိုင်း ပြန်လည်ပေးပို့ပါရန်။





ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ် ၅၄၆၂၇၂မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါ။

အာကာထက်အောင်[၇/ပခန(နိုင်)၂၀၆၂၄၈]

Ph; ၀၁-၂၉၈၃၃၄၊ ၀၁-၂၉၇၃၃၄ ၀၁-၇၀၁၅၇၆။

လှိုင်လင်ခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

လှိုင်လင် ဩဂုတ် ၂၂

လှိုင်လင်ခရိုင် အားကစားနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် ညနေပိုင်းက ခရိုင်ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ယမန်နှစ် တံခွန်စိုက်ဒိုင်းဆုရ မိုင်းရှူးမြို့နယ်အသင်းက တံခွန်စိုက်ဒိုင်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်ထံ အပ်နှံသည်။ ထို့နောက်ပြိုင်ပွဲဝင် အသင်းကိုးသင်းက အားကစားအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ခရိုင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက ခရိုင်ဥက္ကဋ္ဌအား ချီတက်အလေးပြုကြပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မိုင်းရှူးမြို့နယ်အသင်းက လှိုင်လင်မြို့နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **(ခရိုင်ပြန်/ဆက်)**

စုပေါင်းသစ်ပင်စိုက်ပျိုး

ရေဦး ဩဂုတ် ၂၀

ရေဦးမြို့နယ် လှည်းသွင်းကျေးရွာနှင့် ရေဦး-တန့်ဆည် ကားလမ်းသို့ ဆက်သွယ်ထားသည့် အေးငြိမ်းသာယာ မြေသားလမ်းဘေး ဝဲ-ယာ၌ ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်လူမှုရေး အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် လှည်းသွင်းကျေးရွာ ပြည်သူများ ပူးပေါင်း၍ အရိပ်ရသစ်ပင်များ စိုက်ပျိုးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက်က အဆိုပါရုံးမှန်ဦးရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် ပြန်/ဆက် ဦးစီးဌာန (ရုံးချုပ်) ကိုယ်စား တာချီလိတ်ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးစိုးစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာ ပျိုးခင်းသစ် စာကြည့်တိုက်ဖွင့်

ရွှေဘို ဩဂုတ် ၂၁

ရွှေဘိုခရိုင်ရွှေဘိုမြို့နယ်မင်းကျောင်းကျေးရွာ ပျိုးခင်းသစ် စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ကျေးရွာကိုယ့်အားကိုယ်ကိုး ပျိုးခင်းသစ်စာကြည့်တိုက်ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဝေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်းက စာအုပ်မျိုးစုံလှူဒါန်းပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

အလားတူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မြောင်းကြီးကျေးရွာ၊ ပဂိုးကုန်းကျေးရွာများ၌လည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ ကလောမြို့ ပြည်ထောင်စုလမ်းနှင့် တက္ကသိုလ်လမ်း တစ်လျှောက် လမ်းလယ်ကျွန်းများ၊ လမ်းဆုံတြိဂံများတွင် မြေခင်းအလှပြုပြင်စိုက်ပျိုးမှုအား ဩဂုတ် ၉ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်

မန္တလေး ဩဂုတ် ၁၅

မန္တလေးတိုင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြသေ့သမဝါယမ အသင်းလီမိတက်မှ စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ပခုက္ကူမြို့ အားကစားခန်းမ၌ စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ မြို့နယ်အားကစားကွင်း၌ စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ လည်းကောင်း၊ မကွေးမြို့ ခရိုင် အားကစားကွင်း၌ စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ လည်းကောင်း၊ အောင်လံမြို့ ကျောင်းအားကစားကွင်း၌ အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖိုးလပြည့်ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြီး Scorpion C'Plus အားဖြည့် အချိုရည်များနှင့် အသစ်ထပ်မံထုတ်လုပ်လိုက်သော Scorpion C'Plus Orange အချိုရည်များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးပြီး စားသောက်ကုန်များ၊ အလှကုန် များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ သမဝါယမအသင်းများမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ပြည်သူများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ပါဝင်ပြသလိုသူများသည်ရန်ကုန်တိုင်း ရွှေခြသေ့သမဝါယမအသင်းလီမိတက် အဆောင်(၂)၊ ပထမထပ်၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ)-၃၉၄၊ ၄၀၈ ရုံးချိန်ပြင်ပ ၆၃၅၂၆၄ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ကြေးမုံ မြို့နယ်သတင်းများ

သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ပျော်ဘွယ်မြို့နယ်၌ ဆောင်ရွက်ပေး

ပျော်ဘွယ် ဩဂုတ် ၁၀

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်၌ မြို့နယ်အတွင်းရှိ ရေရှားပါးသော ကျေးရွာ ၂၀ တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်း ၂၀ တူးဖော်ခြင်းနှင့် ရေစက်ရုံ၊ ရေကန်များ ဆောက်လုပ်ခြင်း လုပ်ငန်းကို ငွေကျပ် ၂၀၁၂၅၀၀၀ ဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိသည်။

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဩဂုတ် ၂၀ ရက်က ကြခတ်ဝါးရုံကျေးရွာတွင် စက်ရေတွင်းတူးဖော်ပေးစဉ်။ (မြို့နယ်စည်ပင်)

တူးဖော်

သဖန်းချောင်း ကျေးရွာအုပ်စု ပေပင်လေးကျေးရွာတွင် ဇူလိုင် ၃၁ ရက်က ပေ ၃၀၀ အနက် စက်ရေတွင်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသာလှမော်နှင့်အဖွဲ့က ကြီးကြပ်တူးဖော်ခဲ့ရာ အမှုဆောင် အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးဝင်းကျော်က ကွင်းဆင်းကြပ်မတ်စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

သုခမိန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

သာစည် ဩဂုတ် ၁၃

ကိုယ့်အားကိုယ်ကိုး "သုခမိန်"ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက သာစည်မြို့နယ် ကြက်မောက်စံပြကျေးရွာတွင် ကျင်းပသည်။

ဆွေးနွေးပြောကြား

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ဦးဝင်းတင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာမိဘပြည်သူများ တက်ရောက်ကြပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဝင်းတင့်က လူငယ်လူရွယ်များ စာပေလိုက်စားမှု ရရှိလာစေရေးနှင့် ကျေးလက်ပြည်သူများ ဗဟုသုတရရှိလာစေရေးတို့အတွက် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းကို ဆွေးနွေးပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် "သုခမိန်" ကျေးလက်စာကြည့်တိုက်ကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးဝင်းတင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ် — အလှူငွေနှင့် စာအုပ်များလှူဒါန်း

မူဆယ် ဩဂုတ် ၂၃

မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်နှင့် ပညာပေးလှုပ်ရှားမှုများ၊ ကျေးလက်စာဖတ်ဝိုင်းများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်သည်။

ဖွင့်လှစ်

ဩဂုတ် ၁၇ ရက် က မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာတွင် "ပညာ့ဗိမာန်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်းကောင်း၊ ဩဂုတ် ၁၈ ရက်က ဖိုင်ကောင်းကျေးရွာတွင် "ရွှေဖိုင်ကောင်း" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။

လှူဒါန်း

အခမ်းအနားများတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ဆက်ဦးစီးအရာရှိ ဒေါ်ခင်စန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောပြီး စာကြည့်တိုက်များသို့ အလှူငွေများနှင့် စာအုပ်များ လှူဒါန်းကြကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ရေနုတ်မြောင်းများ ဆယ်တင်

ချင်းပြည်နယ် ဖလမ်းမြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် လမ်းဘေး ရေနုတ်မြောင်းများ ဆယ်တင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် ဝန်ထမ်းများ ဩဂုတ် ၁၆ ရက်က ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မွေးနေ့ဆုမွန်လွှာ

ကျေးဇူးရှင်မွေးဖခင် **ဦးစိုးသန့်** မော်လမြိုင် (ခိုင်ရွှေစိမ်း ခြံထွက်သီးနှံရောင်းဝယ်ရေး)၏ ၂၈–၈–၂၀၀၄နေ့တွင်ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောက်နှစ်ပေါင်း ရာကျော်တိုင်အောင်ကိုယ်စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဇနီး–ဒေါ်ခင်နွဲ့နွဲ့ (ခိုင်ရွှေစိမ်း၊ ခြံထွက်သီးနှံရောင်းဝယ်ရေး)
ချစ်သားကြီး–မောင်မြတ်နောင်စိုး
(E.G.T.I Mech;) 1st Year (Myanmar)
ချစ်သားလတ်–မောင်သက်နောင်စိုး (B.A Law)
ချစ်သားငယ်–မောင်မောင်စန်း (U.C.S.Y) 2nd Year
ချစ်သမီးကြီး–မသိင်္ဂါသိမ်းစို (B.Sc Bot;)
ချစ်သမီးငယ်–မစုမြတ်စန္ဒီစိုး။

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆
သဃ်န်းကျွန်းမြို့နယ်တရားရုံး
၂၀၀၄–ခုနှစ်၊ တရားမဇာရီမှုအမှတ် (၁)

ဦးတင့်ဆွေ **နှင့်** **၁။ ဒေါ်ဆန်းမြင့်ရီ**
၂။ မောင်သန့်ဇင်
တရားနိုင် **တရားရှုံးများ**

သဃ်န်းကျွန်းမြို့နယ် တရားရုံး ၁၉၉၈–ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၅တွင် တရားလို ဦးတင့်ဆွေရရှိခဲ့သောဒီကရီကို အတည်ပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၄–ခုနှစ် စက်တင်ဘာလ၊ ၂၇ရက် (၁၃၆၆–ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်)နေ့ နံနက် ၁၀:၀၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချမည်ဖြစ်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသောအချက်များမှ သဃ်န်းကျွန်းမြို့နယ် တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်သည်။

လေလံတင်ရောင်းချရန်စည်းကမ်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအပေါ်တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်ဖြစ်သည်။ အမြင့်ဆုံးဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက မှတ်ယူလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၉ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၅။ မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်သူက ငွေတစ်ရာလျှင်နှစ်ဆယ့်ငါးကျပ်နှုန်းဖြင့် လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်ယူသည့်ငွေအားလုံးကို ပစ္စည်းရောင်းချသည့်နေ့ကိုဖယ်၍ ပစ္စည်းဝယ်ယူပြီးနောက် (၁၅)ရက်မြောက်သည့်နေ့တွင် ရုံးပိတ်ရက်နှင့်တိုက်ဆိုင်နေပါက ပထမရုံးစတင်ဖွင့်လှစ်သည့်နေ့တွင်ပေးသွင်းရမည်။
၇။ အထက်ခွင့်ပြုသည့်နေ့ရက်တွင် လေလံဆွဲဝယ်ငွေကိုမပေးဆောင် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ တင်သွင်းထားသည့်ငွေများကို ရောင်းချသည့်အတွက် စရိတ်များပေးပြီးနောက် သင့်သည်ထင်မြင်လျှင် တရားရုံးသို့အဆုံးရှုံးခံစေရမည်။ ငွေမပေးဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာ ရရှိသည့်ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်ကိုဖြစ်စေဆုံးရှုံးစေရမည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးထွန်းလင်း
ဒုတိယမြို့နယ်တရားသူကြီး(၁)
သဃ်န်းကျွန်းမြို့နယ်တရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ သံသုမာလမ်းနှင့် ကျွန်းရွှေမြိုင်လမ်းထောင့်၊ တိုက်အမှတ် (၁၃၅/၁)၊ (မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၂၀၁/က) ဧရိယာအလျား ၅၀ပေ Xအနံ ၁၀၃ပေ။ ခန့်မှန်းဧရိယာ ၀ဒသမ ၁၁၈ ဧက၊ မြေအမည်ပေါက် ဒေါ်သန်းရှင်ဟုခေါ်တွင်သောမြေနှင့် မြေပေါ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။
(ကြမ်းခင်းဈေးမှာ ငွေကျပ် သိန်း ၄၀၀ ဖြစ်သည်။)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
တင်ဒါအမှတ် ၂၆/မမ/ဆက်သွယ်ရေးပစ္စည်း (CTM)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	Solar Module/Charge Controller/Cable	1-Lot
2.	12V,Lead Acid Battery 120/200AH	95-Nos
3.	Inverter 24 Vdc,230Vac	15-Nos
4.	PVC 3/029 Twin Wire (300'/Coil)	15-Coils
5.	Angle $2\frac{1}{2}$"x$2\frac{1}{2}$" x $\frac{1}{4}$"(20'L)	135-Nos
6.	Bolt & Nut No.10 (2"L)	90-Doz

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် –၂၀–၉–၂၀၀၄(တနင်္လာနေ့) (၁၂:၀၀)နာရီ
၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃–၈–၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅–လိုင်းခွဲ–၆၀၂၊ ၆၁၃။

ဝန်ထမ်းအလိုရှိသည်(မြန်မာကျပ်ငွေဖြင့်ပြည်တွင်း၌သာခန့်ထားရန်)

၁။**ရုံးစာရေး** **ကျား/မ (၁၀)ဦး**
ငါး/ပုဒ္ဓန် လုပ်ငန်းကျွမ်းကျင်သူ၊ အသက်(၃၀)အောက် ဘွဲ့ရသူ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာကျွမ်းကျင်သူဦးစားပေးမည်။
၂။**စာရင်းကိုင်** **မ(၁)ဦး**
C.P.A အောင်မြင်ထားသူ၊ အသက်(၃၀)အထက် လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။
၃။**အင်ဂျင်နီယာ (အအေးခန်းစက်မောင်း) A.G.T.I/T.H.Sအောင် ကျား(၅)ဦး**
၄။**အအေးခန်းလုပ်သား** (လုပ်ငန်းအတွေ့အကြုံရှိသူ) **ကျား/မ(၅၀)ဦး**
အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

လျှောက်ထားလိုသူများ အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်–၅–၉–၂၀၀၄

အမှတ်(၁၀၅/၁၁၁)၊ အမယာလမ်း၊ မြောက်ဥက္ကလာပစက်မှုဇုန်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၆၆၇၀၀၇၊ ၆၉၀၄၄၃။

ဦးစံလင်း(ခ)ဆလင်းနှင့်အများသိစေရန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ရွှေတောင်ရပ်ကွက်၊ ကျိုက်သံလန် ဘုရားလမ်း၊ အမှတ်–၁၃နေ ဦးဟုစိန်၏သမီးဒေါ်စကီနာ (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–[၁၀/မလမ(နိုင်) ၁၅၃၀၀၆]မှ ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ်–၅၂တွင် နေထိုင်သူ ဦးစံလင်း(ခ)ဆလင်း(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၀/မလမ(နိုင်)၁၂၀၄၅၈]အား ၁၃–၁၁–၂၀၀၂တွင် ပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၇/၂၀၀၂အား ၂၃–၈–၂၀၀၄ ရက်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စကီနာ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဝင်းတင် (LL.B)
တရားရုံးချုပ်ရှေ့နေ
၄၆–(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph:709636



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၂၉၅)

မြန်မာယူနီဗာဆယ်ဘဏ်လီမိတက်(ရုံးချုပ်)
အမှတ်(၈၁)၊သိမ်ဖြူလမ်း၊ဗိုလ်တထောင်
မြို့နယ်၊ ရန်ကုန်မြို့။
(၎င်း၏ကိုယ်စား–ဦးစောအောင်ဖြူ
လက်ထောက်အထွေထွေမန်နေဂျာ

၁။ ဦးခင်မောင်စိုး
၂။ ဦးခင်မောင်ဇော်
အဆောင်(၉၈)၊ အခန်း(၄၊ ၅၊ ၆)
ရွှေဝါလမ်းမနှင့်ကျောက်စိမ်းလမ်းထိပ်၊
စော်ဘွားကြီးကုန်းပွဲရုံဝင်း။

တရားလို **တရားပြိုင်**

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ရွှေဝါလမ်းမနှင့် ကျောက်စိမ်းလမ်းထိပ်၊ အဆောင်(၉၈)၊ အခန်း(၄၊၅၊ ၆)နေ ဦးခင်မောင်စိုးနှင့် ဦးခင်မောင်ဇော်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေပေးကတိစာချုပ်တွင် ဝန်ခံလက်မှတ်ရေးထိုးထားသည့်အတိုင်း ငွေကျပ်–၆၇၁၅၇၃၄/၀၆ါးရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် စက်တင်ဘာလ ၁၀ရက်(၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းပြင်သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဩဂုတ်လ ၁၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်ဝင်း
တွဲဖက်တိုင်းတရားသူကြီးရုံး(၈)
ရန်ကုန်တိုင်းတရားရုံး။

ခရသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန် ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန်နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်။
နေရောင်လင်းဆေးတိုက် အမှတ်–၂၄၊ ၂ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊
မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

လက်ရှိအသုံးပြုနေသောဆေးရည်ဖြည့်စက် (Semi Automatic) Sauce Filling Machine)
Model SH-158 P
Max capacity 750 btls per hour.

ဆက်သွယ်ရန်(ဖုန်း)– ၆၈၂၃၁၈၊ ၆၈၂၉၆၈၊ ၇၀၆၂၀၀၊ ၇၀၄၉၄၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်နိုင်စိုး၏ 4-Ticket BST-22502/03 မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။

ဖုန်း–၂၉၃၀၇၄။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသူဇာမင်း[၁၂/ဗတထ(နိုင်)၀၀၁၇၁၈]၏ နိုင်ငံကူးလက်မှတ်အမှတ်၃၁၀၂၉၅နှင့် စာရွက်စာတမ်းများပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါ။

Ph: 240966 Ex: 639

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်ဉာဏ်မိုး [၇/ညလပ(နိုင်)၀၉၂၇၄၈]၏ C.D.C၄၈၂၈၇ စာအုပ် စမ်းချောင်းမြို့နယ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

အောင်ဉာဏ်မိုး
Ph.0950-18858



MONSOON SPECIAL PROMOTION!
Qi
GOLDEN HILL TOWER
YANGON SHISEIDO SALON AND SPA
Buy One Get One Free For All Facial Treatments.
Don't miss it!
(28 Aug 04 to 30 Sept 04 Only)
No.24-26, 19th Floor, Kabaye Pagoda Road, Bahan Tsp, Yangon. For reservation please call 558556, 558558 ext: 1986

ကာကာဝယ်လိုသည်

ကက(၃)စီး ဝယ်လိုသည်။

အန်တီစန်း- ၀၉ ၉၉ ၂၆၀၈၀

SIS English Speaking

Sept 1st to Oct 29th, 2004

ဖုန်း - ၂၁၂၈၆

အမြန်ငှားလိုသည်

ရန်ကုန်မြို့တွင်းရှိ လုံးချင်းအိမ် (၁) လုံးအမြန်ငှားလိုသည်။

YWCA

ပန်းအိုးအလှပြုပြင်နည်းသင်တန်း

အခြေခံ	– IKEBANA နှင့် TRADITIONAL
အဆင့်မြင့်	– အခမ်းအနား အမျိုးမျိုးအတွက် ပြင်ဆင်နည်းများ။
နေ့ရက်	– (၃၀-၈-၂၀၀၄)မှ (၁၀-၉-၂၀၀၄)ထိ။
အချိန်	– မွန်းလွဲ ၁:၀၀နာရီမှ ၃:၀၀နာရီထိ။
နေရာ	– YWCA ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း	– ၂၄၅၈၆၉။

CTY

242279, 579396

အမြန်ငှားလိုသည်

TOWN ACE အမိုးတင်ပြီး(သို့) Boxကား(၁)စီး ဒိုင်နာ(သို့)ကင်တာ- ၁၀ပေ ၁စီး ငှားရမ်းသုံးလိုသည် (ပွဲစားမလိုပါ)။

ဆက်သွယ်ရန် ဖုန်း-၆၈၃၆၂၁။

၁၀ရက်နှင့်ဗိုက်ငှလက်မအထက်

အဆီကျလိုပါသလား?

Queen's Rose

BODY FITNESS CENTRE

542613, 09-80-25264

တိုက်ခန်းရောင်းရန် ရှိသည်

အမှတ်(၉)၊ (၉၉)လမ်း၊ တိုက်(၃)၊ န၀ဒေးအိမ်ရာ၊ လှိုင်သာယာစက်မှုဇုန်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ Airconနှစ်လုံးပါသည်။ ဦးရာလူဦးစားပေးမည်။ အလျှော့အတင်းရှိသည်။

ဆက်သွယ်ရမည့်ဖုန်း-
မနီနီခိုင်
၇၂၆၇၅၂၊ ၇၀၀၂၁၈၊ ၆၃၆၄၄၈
(ဦးကြည်စိုးမော်-၅၃၆၆၀၁)။

ဆင်ပျံ

ခွေခြောက်ချော်-ဝါတွင်းဘုရား

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆အကွက်(ဖ်)[၁၀]၊ မြေကွက်အမှတ်၁၅၏ အစိတ်အပိုင်း၊ ဧရိယာ ၀ ဒသမ ၀၃၈ ဧကရှိ(အစိုးရမြေ)၊ အမှတ်၆၂၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဦးစောဂျက်-ဒေါ်နော်နောဂတ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍(နှစ်ပတ်အတွင်း)ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

အလိုရှိသည် (ပြည်တွင်း၌ခန့်ထားရန်)

၁။စက်ရုံအင်ဂျင်နီယာ B.E (Mechanical) **ကျား(၇)ဦး**
အသက်(၃၀)အောက်

၂။စက်ရုံလက်ထောက်အင်ဂျင်နီယာ A.G.T.I (Mechanical) **ကျား(၁၅)ဦး**
အသက်(၂၅)အောက်

၃။စက်ရုံလက်ထောက်အင်ဂျင်နီယာ I.T.C/T.H.S **ကျား(၅)ဦး**
အသက်(၂၅)အောက်

လျှောက်ထားသူများသည် အိမ်ထောင်မရှိသူလူပျိုဖြစ်ရမည်။ Siteတွင် နေ့/ညဂျူတီခွဲ၍ ဆင်းနိုင်ရမည်။ နေထိုင်စားသောက်မှုကို စီစဉ်ပေးမည်။

လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၃)လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာပါရမည်။ ကြော်ငြာသည့်နေ့မှ (၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

U KYU FAMILY GRAINS & MANUFACTURING CO.,LTD.

အမှတ်(၁၇/၁၉)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

"မော်နိန်နေ့ငြာ (MGE - 142144) အမှတ်-၃၄၂ (၃၇)ရပ်ကွက်၊ ... မြောက်ဒဂုံမြို့နယ်ထိပ်စေရန်"

TOSTA GROUP LTD

LLB(ADVOCATE)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေနှင့်၅)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၅

ဒေါ်ကြူကြူသင်း(ခ)ရှောက်ချင်း နှင့် **ကိုမြင့်ဦး**
တရားလို **တရားပြိုင်**

ဦးမြင့်ဦး အမှတ်-၅၀၆(က)၊ အောင်သုခလမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နှင့်ကဒုံကနီကျေးရွာ၊ ဘိုကလေးမြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ကြူကြူသင်း(ခ)ရှောက်ချင်းက ကုန်ဝယ်ရန် အပ်နှံကျန်ငွေ-၁၃၆၆၉၈၈ိ/နှင့် ကြားကာလ နစ်နာကြေးငွေ ၂၅၀၀၀၀ိ/-အပါအဝင် နှစ်ရပ်ပေါင်း ငွေကျပ် (၁၆၁၆၉၈၈ိ/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက် (၁၃၆၆ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် မှတ်တမ်းမှတ်ရာ များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးကျော်
ခရိုင်တရားသူကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

ဒေါ်သိန်းရင် **ဦးကြင်ရွှေ**
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ နှင့်
ဒေါ်အေးအေးစိုး)
တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)လမ်း၊ အမှတ်(၁၉)နေ ဦးကြင်ရွှေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလိုက ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂ဝိုင်[၂]၊ မြေကွက်အမှတ်(၅) ၄၀အေ၊ ဧရိယာ ၀ ဒသမ ၀၁၅ ဧကရှိ မြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အား ဖျက်သိမ်း၍ ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်အညီ ပြန်လည်ဆောက်လုပ်ရန် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂ (၁)၊ (င)အရ အိမ်ငှားအား ဖယ်ရှားပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုစပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၃)ရက် (၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်နေ့တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်၍ တစ်ဖက်သတ်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းအပြင် ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းစသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးစိန်ကြည်
မြို့နယ်တရားသူကြီး
လမ်းမတော်မြို့နယ်တရားရုံး။

ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာချက်

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၃၁)နေ မောင်ကျော်လင်းဦး(ဘ)ဦးအေးမောင်[၇/ပခန(နိုင်)၁၈၄၉၀၇]နှင့် ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ (၂၂)လမ်း၊ အမှတ်(၆၁)နေ မနေခြည်လင်း(ဘ)ဦးသိန်းစိုး[၇/ပခန(နိုင်)၂၃၁၄၁၈]တို့သည် စိတ်သဘောချင်းတိုက်ဆိုင်မှုမရှိ၍ လင်ခန်း၊ မယားခန်းပြတ်စဲလိုက်ပြီ ဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး နောက်နောင်တွင် မည်သို့မျှပတ်သက်သက်ဆိုင်မှု မရှိတော့ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးအောင်ထွန်း(ဘီ၊ အေ၊ အယ်လ်အယ်လ်၊ ဘီ)
တရားရုံးချုပ်ရှေ့နေ-စဉ်-၁၆၉၀
အမှတ်(၉/၁၇၄)၊ မေယုလမ်း(၉)ရပ်ကွက်၊
ဥဿာမြို့သစ်၊ ပဲခူးမြို့။
ဖုန်း-၀၅၂-၂၃၀၁၅။

ငှားမည်

ရန်ကုန်မြို့တွင်း/ မြို့ပြင် လမ်းမတန်း၊ မြေကွက်(သို့)အခန်းများများပါသော တိုက်ခန်းများ အမြန်ဆက်သွယ်ပါ။ပွဲစားမလို

မအိ ဖုန်း-၀၉၅၀၀၅၄၀၈၊ ၂၄၄၉၃၀။

အိမ်စီးကားသန့် ရောင်းမည်/ လဲမည်

HONDA PRELUDE

လ/၅ထောင်ကျော်

ဖုန်း-၀၉၅၀-၁၀၇၃၅။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ကျွန်မတို့၏သားဖြစ်သူ မောင်အောင်ဖြိုးမြင့် [၁၂/စခန(နိုင်)၀၆၁၂၆၁]သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများ လုံးဝတာဝန်မယူပါ။

ဦးဘမြင့်-ဒေါ်ခင်စန်းဝေ

ဝမ်းနည်းကြေကွဲခြင်း

ဦးစိန်သွင်(ခ)ဦးပါလေး အသက်(၆၈)နှစ်

သီတဂူသာသနာပြုအဖွဲ့ဝင် (အောက်မြန်မာပြည်)

သီတဂူသာသနာပြုအဖွဲ့ဝင်လူကြီး ဦးစိန်သွင်(ခ)ဦးပါလေး အသက်(၆၈)နှစ်သည် ၂၂-၈-၂၀၀၄နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီတဂူသာသနာပြုအဖွဲ့
အထက်မြန်မာပြည်။

ခွေးရောင်းမည်

Import Rott -weiler အထီး၊ အမ၊ Pug အမ၊ ခွေးခြသေ့်စပ်အမ။

ဖုန်း-၇၂၄၀၄၃
၂၉၃၊ မဟာဆွေ(၁)လမ်း၊
ဘာတာနှင့်အုတ်ကျင်းကြား၊ လှိုင်။

MIT MPEC

Web Application Development Level-1

- HTML4
- Javascript
- Graphic
- DreamWeaver & Visual Interdev

Room1, Padonmar Stadium, Bargayar Road, Sanchaung T/S, Yangon.

505278,502801, 668779, 668259,539151

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)

ရန်ကုန်မြောက်ပိုင်းတရားမရုံးတော်၌

၂၀၀၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၂၂

ကွယ်လွန်သူဒေါ်ပိုးလုံး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

အင်းစိန်မြို့နယ်၌နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်ပိုးလုံး၏ သေတမ်းစာ အတည်ပြုချက်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးစောဒယ်နီယယ်ဘမြိုင်နှင့် ဦးစောစံမီဘမြိုင်တို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် (၁၃၆၆ခုနှစ် ဝါခေါင်လကွယ်)နေ့တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်ပိုးလုံး၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်လျှောက်ထား ဆိုင်ဆိုရန်သင့်လျော်မည်ဟုအထင်ရှိလျှင် ဆိုခဲ့သော ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ရက် (၁၃၆၆ခုနှစ်၊ ဝါခေါင်လကွယ်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာ အတည်ပြုချက် လက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ဦးစောဒယ်နီယယ်ဘမြိုင်ပါ-၂ ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဆွေဆွေ
ဒုတိယခရိုင်တရားသူကြီး(၃)
မြောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်မြို့။

အများသိစေရန်

[illegible]

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ် ၇/၁၀/၁၄၀ (က)ဗိုလ်ရာညွန့်လမ်းနေ (ဦးတင်လှ)- ဒေါ်မြင့်မြင့်အေးတို့၏ သမီးဖြစ်သူ မမြင့်မြင့်ခိုင် [၁၂/အစန(နိုင်)၀၁၉၈၅၅]သည် မခင်နှင့်မောင်နမများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၆-၈-၂၀၀၄ရက်နေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှ မည်သို့မှ မသက်ဆိုင်ပါကြောင်း။

ဒေါ်မြင့်မြင့်အေး[၁၂/အစန(နိုင်)၀၅၇၁၁၃]

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အိုလံပစ်ရိပ်သာ၊ အမှတ်(၁၉/၂၀)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝင်းစိန်နှင့်ဒေါ်ခင်သိန်းရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများ၏ သားအရင်းဖြစ်သော မောင်လင်းဇော်ဝင်း [၁၂/မဂတ(နိုင်)၀၈၃၆၀၇]သည် မိဘ၏ဆုံးမညွှန်ကြားမှုများကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အကြိမ်ကြိမ်ဖောက်ဖျက်သည့်အပြင် ခွင့်မလွှတ်နိုင်အောင် ဆောင်ရွက်ခဲ့သည့်အတွက် မိမိတို့၏ အမွေစား၊ အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ မောင်လင်းဇော်ဝင်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘမော်
B.Sc, R.L,D.A,D.M.A, D.B.L,D.A.P
တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအကြံပေး
တိုက်(K)၊ အခန်း(၄၀၅)၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၈၇၆၅။

တိုက်ခန်းငှားရမ်းမည်။

ကမာရွတ်လှည်းတန်း-မီးပွိုင့်၊ ရန်ကုန်-အင်းစိန်လမ်း

မြေညီ 12' x 55' ထပ်ခိုးတစ်ထပ်

ဖုန်း+ မီတာ + Aircons (2) + မှန်ခန်း။

စီးပွားရေးလုပ်ငန်းအတွက်အထူးကောင်း။

Ph: 525918, 09-99-25620

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့် အသက်(၅၈)နှစ်
သီတဂူသာသနာပြုအဖွဲ့ဝင်
(အောက်မြန်မာပြည်)
(လူပုံတော်ပတ္တမြားဆေးတိုက်)

လူပုံတော်ပတ္တမြားဆေးတိုက်ပိုင်ရှင် သီတဂူသာသနာပြုအဖွဲ့ဝင် လူကြီး ဦးအောင်မြင့် အသက်(၅၈)နှစ်သည် ၂၂-၈-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီတဂူသာသနာပြုအဖွဲ့
အထက်မြန်မာပြည်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

ဦးအောင်မြင့်(ခ) Freddy Mg Mg

B.E (Electrical Power)

အသက်(၅၈)နှစ်

[illegible]

ဦးကျော်ဦး-ဒေါ်ရွှေနုလှိုင်

Popular Plastic Industry Group

ဝမ်းနည်းကြေကွဲခြင်း

ဦးနေထွန်း(၃၇)နှစ်

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီး႒ာန)သည် ၂၃-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမောင်လှိုင်မိသားစု(လှိုင်စာပေ)
သတင်းစုံဂျာနယ်၊ မော်ဒန်ဂျာနယ်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးအောင်မြင့်(ခ) Freddy Mg Mg (၅၈)နှစ်

အန်တီဒေါ်ဖြူသီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၈-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။ **တိုနီသစ်လွင်၊ မြတ်စိုး(ဂစ်တာ)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁ယ/၄၅၃၇၄၊ ၁ယ/၁၅၂၉၅ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁ယ/၃၁၈၅၃ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ဘုရား၊ ရဟန်း၊ သိမ်၊
ကျောင်းဒါယိကာမကြီး

ဒေါ်လှမြင့်
အသက်(၆၄)နှစ်
(ဥက္ကံမြို့)

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဒုတိယသီရိရိပ်သာ၊ အမှတ်(၁၅၂)နေ (ဦးဘိုးရွှေ-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးအောင်ခင်-ဒေါ်ခင်ပု)တို့၏သမီး ချွေးမ၊ [ဦးမျိုးသန့်(အငြိမ်းစား၊ ဒု-ညွှန်မှူး၊ မြန်မာ့ကျောက်မျက်)၏ဇနီး၊ ဦးရဲနိုင်ဦး(Quick Computer)-ဒေါ်လှလှဝင်း၊ ဒေါ်ခင်စန္ဒာဝင်း (YIEC)တို့၏ ကျေးဇူးရှင်မိခင်၊ မဆုထက်နိုင်(I-A၊ အထက-၃၊ ဗိုလ်တထောင်)၊ မောင်ဖြိုးပြည့်မောင်တို့၏ ချစ်လှစွာသောအဘွားသည် အာရှတော်ဝင်ဆေးခန်း၌ ၂၅-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ၇:၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးစိုးအေးနွယ်(ခ) လွန်းနိုင်အောင်
အသက်(၄၉)နှစ်
အုပ်ချုပ်ရေးမှူး၊ နွယ်နီမဂ္ဂဇင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၃)လမ်း၊ အမှတ်(၄၈၃)နေ စာရေးဆရာ ဦးနတ်နွယ်၊ ဒေါ်တင်တင်အေး(နွယ်နီမဂ္ဂဇင်း)၏ ချစ်လှစွာသောသားကြီး၊ ဦးကောင်းညွန့်နွယ်၊ (ဒေါက်တာကျော်သက်နိုင်-ဒေါ်မြင့်ကေသီနွယ်)၊ ဦးမင်းထွန်းနွယ်-ဒေါ်မြမြကြွယ်၊ ဦးငွေဇော်နွယ်-ဒေါ်တင်တင်မိုး၊ (ဦးပုန်ကန်နွယ်-ဒေါ်တင်တင်အောင်)၊ ဦးခင်ဇော်စိုး-ဒေါ်သူဇာနွယ်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးအောင်မြင့်(ခ) Freddy Mg Mg
B.E (Electrical Power)
အသက် (၅၈)နှစ်

လူပုံတော်ပတ္တမြား၊ အဘယသုခဆေးတိုက်ပိုင်ရှင်
သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး
သီတဂူကျောင်းဒါယကာ
ပဋ္ဌာနကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ

ဒေါ်ဖြူသီ၏ခင်ပွန်း၊ ဦးဝေလွင်-ဒေါ်ခင်ဇာလီအောင်တို့၏ဖခင်သည် ၂၂-၈-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

- **ဦးဘဌေး-ဒေါ်တင်မြဆေးမျိုးစုံဆိုင်၊ စိန်ဘယက်ဆေးတိုက်**
- **ဆေးပင်ဆေးတိုက်၊ အာရောဂျံမြန်မာဆေးမျိုးစုံဆိုင်**
- **ဦးမြင့်ဆွေနှင့်သားများ-ဦးအေးထွန်းမြန်မာ့ဆေးမျိုးစုံဆိုင်။**

ကျုံမငေးအသင်း

ဒေါ်ခင်ခင်(၇၄)နှစ်

ပန်းဘဲတန်း၊ အမက(၂)၊ ကျုံမငေး အထက-အလပြ (ငြိမ်း)၊ ကျုံမငေးမြို့ (ဦးချောင်ဒရီ)၊ (ဒေါ်သောင်းသောင်း)တို့၏သမီး ဆရာမဒေါ်ခင်ခင်သည် ၂၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇-၈-၂၀၀၄(သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊အသင်းသားများအကြောင်းကြားပါသည်။ **အမှုဆောင်အဖွဲ့။**

ရဟန်းဒါယကာကြီး
တိုင်းရင်းသမားတော်

ဦးကျော်မြင့်နိုင်(ခ)ဦးရင်ထူး
(တဆ-၇၄-၉၄)
[တပ်ကြပ်ကြီး(ငြိမ်း)-အမှတ်(၂) စစ်ဆေးရုံ]
(ထွဋ်ခေါင်ဆေးတိုက်ပိုင်ရှင်)

အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဉာဏ်ကောက်-ဒေါ်ခင်လှ) တို့၏ သားကြီး၊ ဆိပ်ဖြူမြို့နယ်နေ (ဦးဖိုးထွား-ဒေါ်အုန်းဆင့်)တို့၏သားသမက်၊ အမှတ်(၃)ပထပ်မွှေရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ [ဒေါ်မြင့်ခိုင်(ခ)မဂျမ်း]၏ ခင်ပွန်း၊ မခင်မျိုးနိုင် (MPPE)၊ မခင်မျိုးညိမ်းနိုင် (အာမခံ)၊ မခင်မျိုးသက်နိုင် (အာမခံ)၊ မခင်မျိုးယုနိုင် (CEIE)၊ မောင်ကျော်နိုင်ဦး၊ တပ်ကြပ်ကျော်လင်းနိုင်(မြိတ်မြို့)-ဒေါ်နန်းမူ၊ (မခင်မျိုးချစ်နိုင်)တို့၏ ဖခင်၊ (ဦးခင်မောင်လတ်(ခ) ဦးရင်တိုး)-ဒေါ်မြင့်မြင့်တို့၏ အစ်ကို၊ မကြယ်စင်လင်းနိုင်၊ မောင်ဂျူနီယာကျော်လင်းနိုင်တို့၏ အဘိုးသည် အထက်ပါနေအိမ်၌ ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၀း၃၀ တွင်ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၀၀ နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူ မိသားစု။**

မြောင်းမြမြို့နယ်အသင်း
ရာသက်ပန်အသင်းဝင်

ဦးအန်ရွှေစိန်(ခ)ဦးရွှေစိန်
အသက်(၈၃)နှစ်
(စိန်အမိန့်ရငွေချေးလုပ်ငန်း၊ သဃ်န်းကျွန်းမြို့နယ်)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၂၉၇) မြေညီထပ်နေ (ဦးအန်ဘွန်တက်-ဒေါ်ဝမ်ကီဖာ)တို့၏သား၊ မြောင်းမြမြို့နယ်အသင်း ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်ကျင်အေး၏ ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်ရွှေရွှေရီ၊ ဦးဟုတ်ငွေ-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်မောင်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးတင်ဝင်း-ဒေါ်အေးအေးတို့၏ ဖခင်သည် ၂၄-၈-၂၀၀၄ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက် ကြာသပတေးနေ့တွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ **အမှုဆောင်အဖွဲ့။**

ပုသိမ်အသင်း(ရန်ကုန်)

ဦးအောင်မြင့်
အသက်(၅၈)နှစ်
(စိန့်ပေါကျောင်းသားဟောင်း)

ဦးမောင်မောင် - ဒေါ်ညိမ်းတို့၏ တစ်ဦးတည်းသောသား၊ လူပုံတော်ပတ္တမြားဆေးတိုက်ပိုင်ရှင်၊ ပုသိမ်အသင်း ဘဏ္ဍာရေးမှူး ဦးလေးတင့်၏ညီ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ်-၃၀နေသူသည် ၂၂-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။ **အမှုဆောင်အဖွဲ့။**

ငြိမ်းချမ်းရေး
TV,VIDEO,VCD
အိမ်အရောက် ပြုပြင်ပေးသည်။
No-41၊ သမ္မာဒိဋ္ဌိလမ်း၊
ကျောက်မြောင်း၊ ဖုန်း-၅၄၈၁၉၇။

ကျေးဇူးတင်ရှိခြင်း

ဦးတင်အောင်
အသက်(၈၉)နှစ်
N.T College-UK(1958)
ညွှန်ကြားရေးမှူး၊ ငြိမ်း၊
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
R/Oသင်တန်းကျောင်းအုပ်

၁၉-၈-၂၀၀၄ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားသော ဦးတင်အောင် နာမကျန်းဖြစ်စဉ် ဆေးဝါးကုသပေးခဲ့သော ဆရာဝန်၊ ဆရာမများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေများ၊ ရပ်ဝေး၊ ရပ်နီးမှ ဖုန်းဖြင့် နှစ်သိမ့်အားပေးကြသည့် ဆွေမျိုး၊ မိတ်သင်္ဂဟ အပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ပုလောမြို့နယ်အသင်း (ရန်ကုန်)

ဦးထိန်လင်း
(ပုလော၊ ကော့သောင်း)
အသက် (၇၅)နှစ်

ကော့သောင်းမြို့၊အေးရိပ်ငြိမ်ရပ်ကွက်၊ ပေါ်ဦးလမ်းနေ ဒေါ်လှလှဝေ၏ ခင်ပွန်း ဦးထိန်လင်း(အသင်းဝင်အမှတ်-၂၂၃၁)သည်မြိတ်မြို့၊ အမှတ်(၁၁၆)၊ အမိုးရေတွင်းလမ်း၊ ဈေးတန်းရပ် ဦးသန့်ဇင်-ဒေါ်ခင်ခင်ဌေးတို့၏နေအိမ်၌ ၂၄-၈-၂၀၀၄ရက်တွင် ကွယ်လွန်၍ ၂၈-၈-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ မြိတ်မြို့၊ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ **အမှုဆောင်အဖွဲ့။**

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်သန်း(ခ)ဒေါ်သောင်း
လဝက(အငြိမ်းစား)
အသက်(၆၈)နှစ်
(တာမွေ)

ရန်ကုန်မြို့နေ (ဦးထွန်းစိန်-ဒေါ်ကျင်မြိုင်)တို့၏သမီးထွေး၊ မော်လမြိုင်မြို့နေ (ဦးညွန့်-ဒေါ်ညွန့်ညွန့်)၊ ဦးချစ်တင်-ဒေါ်တင်တင်၊ ရန်ကုန်မြို့နေ ဦးသိန်းတင်-ဒေါ်သန်းသန်း၊ ဦးအောင်ကို-ဒေါ်ငြိမ်းငြိမ်း၊ ဦးမောင်မောင်မြင့်-ဒေါ်ချိုချိုတို့၏ညီမထွေး၊ (ဦးဝင်း)-ဒေါ်သန်းမြင့် တို့၏ အစ်မသည် ၂၅-၈-၂၀၀၄ ရက်(ဗုဒ္ဓဟူး)နေ့ညစ၊၅၅ တွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၀၄ (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်(၁၃) ၊သမိန်ဗရမ်းလမ်းတို၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်ရှိနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု။**

ဘုရား၊ ရဟန်း၊ ဇရပ်၊ တန်ဆောင်း
ဒါယိကာမကြီး

ဒေါ်ဘိုမ(ခ)ဒေါ်မြမြစန်း
အသက်(၅၆)နှစ်
(ပျဉ်းမနား)

ပျဉ်းမနားမြို့နယ်၊ ဆင်သေကျေးရွာနေ (ဦးဘိုးအောင်-ဒေါ်အေးခင်)တို့၏ သမီး၊ ပျဉ်းမနားမြို့နယ်၊ ဝဲကြီးကျေးရွာနေ ဦးချိုကြီး-(ဒေါ်မြင့်)၊ ဦးအေးမောင်-ဒေါ်ခင်ဆင်တို့၏ညီမ၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ အမှတ် ၄(က)၃ အခန်း ဘီ၃ ဦးလှသန်း၏ဇနီး၊ မသီသီဝင်း (M.U.B ဘဏ်)၊ကိုသက်ဝင်း-မသဲပွင့်ဦး၊ ကိုသန့်ဇင်လင်း-မအေးအေးဝင်းတို့၏မိခင်၊ မြေးတစ်ယောက်၏အဘွားသည် ၂၁-၈-၂၀၀၄ရက်တွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးတတ်(ခ)ဦးထွန်းမြင့်
အသက်(၅၇)နှစ်
(စည်ပင်၊စက်ယာဉ်)ပင်မဝင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၃ လမ်း၊ အမှတ် (၃)နေ (ဦးဂေါ်ရာ-ဒေါ်လှမြင့်) တို့၏ဒုတိယသား၊ ဦးစိုးမြင့်(ရွှေဝါထွန်းဟိုတယ်)-(ဒေါ်စန်းကြည်)တို့၏ညီ၊ (ဦးပြုံးချို)-ဒေါ်ညိုညိုမြင့်တို့၏အစ်ကို၊ ဦးအောင်မင်း(ရွှေဝါထွန်းဟိုတယ်)၊ ဦးအောင်ဝင်း၊ ဦးမောင်မောင်နိုင်၊ မသီသီမြင့်၊ မတင်တင်စိုး၊ မဝင်းဝင်းစိုး၊ မောင်ဝင်းထွန်းဦး၊ မဝင်းဝင်းချိုတို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ အဘိုးသည်၂၁-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်ကျင်ပု(၈၄)နှစ် (သုံးခွ)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ အောင်ဇေယျ လမ်းနေ(ဦးစွေ့ယာ-ဒေါ်လှ)တို့၏ သမီး၊(ဦးလှဖေ)၏ဇနီး၊(ဦးတိုးကြွယ်-ဒေါ်ကျင်မေ)၊ (ဦးကျင်ရှောင်)- ဒေါ်သန်းယုံတို့၏ ညီမ၊ ဦးခွေးမောင်-ဒေါ်သောင်း၊ (ဒေါ်ဥ)၊ ဒေါ်ကျင်နု၊ ဦးဝင်းမောင်-ဒေါ်မြင့်စန်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၄)၊ဗညားဒလလမ်းနေ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်ကြည်၊ အမှတ်(၇၇)၊ (၁၂၄)လမ်းနေ ကိုသိန်းလွင်-မစောနုဝင်း၊ ကိုကျော်ဆွေ၊ မသင်းသင်းဆွေတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် သုံးခွမြို့၊မဥ္စူလမ်းနေအိမ်၌ ၂၆-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် သုံးခွမြို့၊ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမူ(ခ)အမာ(၈၂)နှစ်

(ပြည်)

ပြည်မြို့နေ(ဦးတင်-ဒေါ်ရှင်)တို့၏သမီး၊(ဦးမြ)၊(ဦးကျော်လှ)-ဒေါ်ဝင်းကြည်တို့၏ ညီမ၊ ဦးအုန်းဆိုင်-(ဒေါ်တင်တင်အေး)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံလမ်း၊ ရွှေဂုံရိပ်သာ၊ တိုက်(၁)၊ အခန်း(၈)နေ ဒေါ်အေးမူ(အမာ)သည် ၂၆-၈-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးသာဒင် (၇၆)နှစ်

ဆေးတက္ကသိုလ်(၂)၊ ဒုတိယပါမောက္ခချုပ်

ပါမောက္ခဒေါက်တာအောင်ကြီး၏ ဖခင် ဦးသာဒင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆေးလက်တွေ့ ရောဂါဗေဒအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့်(လူပုံတော်ပတ္တမြား၊အဘာယသုခဆေးတိုက်ပိုင်ရှင်)သည် ၂၂-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးကြီးထွန်းအောင်ကျော်-ဒေါ်ညွန့်ညွန့်

ညွန့်ညွန့်တိုင်းရင်းဆေးတိုက်။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့်(လူပုံတော်ပတ္တမြား၊အဘာယသုခဆေးတိုက်ပိုင်ရှင်)သည် ၂၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီရိသုမေ္ဓမဏိဇောတာဓရ

သမားတော်ဦးဘိုကြီး-ဒေါ်သန်းသန်း

ပြည်လုံးချမ်းသာဆေးတိုက်။

ဝမ်းနည်းကြေကွဲခြင်း

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး၊ဘိုကလေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန)သည် ၂၃-၈-၂၀၀၄ ရက်က တာဝန်ထမ်းဆောင်စဉ်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဘိုကလေးမြို့နယ်။

ဗိုလ်မှူးခင်မြင့်(ငြိမ်း) (၆၄)နှစ်

ဗိုလ်သင်တန်းအပတ်စဉ် (၃၆)

ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့နေ (ဦးကုလားကြီး-ဒေါ်မယ်ဟန်)တို့၏ သား၊ (ဦးထွန်းစိန်-ဒေါ်လှရင်)တို့၏ သားသမက်၊ မန္တလေးမြို့ ၈၂-၁/၂၁၊ ဒေလီယာလမ်း ၆၁x၆၂လမ်းကြားနေ ဒေါ်ယဉ်တင့် (S.A.T)ငြိမ်း၏ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်ကြီးအောင်သီဟ (တပ်မတော်-လေ)၊ ဦးအောင်ထွဋ်ပိုင်(ကထိက၊မြို့ပြ၊ G.T.Cမော်လမြိုင်)၊ကိုအောင်ဇာနည်ထွန်း B.E(Mech)တို့၏ ဖခင်သည် ၂၆-၈-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၀၄ (စနေနေ့) နံနက် ၁၀ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုမင်းမင်းထွေး(ခ)အောင်စိုးမိုး

အသက်(၂၉)နှစ်

ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊ စံပြ(၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၅၆၀)နေ (ဦးထွေးအောင်)-ဒေါ်စန်းမြင့်တို့၏သား၊ ပဲခူးတိုင်း၊မိုးညိုမြို့နယ်၊ ဇင်းကျောင်းအုပ်စု၊ ပိတောက်ကုန်းကျေးရွာနေဦးအုန်းမောင်-ဒေါ်အေးသိန်းတို့၏ သားသမက်၊ ဦးဝင်းမောင်-ဒေါ်ရီရီဆွေ၊ ဦးကြင်ငွေ-ဒေါ်စန်းတင့်တို့၏ တူ၊ ကိုဘိုငွေး-မစန်းစန်းထွေး၊ ကိုသိန်းစိုး-မချိုချိုထွေး၊ မဝါဝါထွေး၊ ကိုသိန်းမြင့်-မခင်မာကြူတို့၏မောင်၊ မမာမာထွေး၊ မချိုဆွေဇင်တို့၏အစ်ကို၊ လှိုင်သာယာမြို့နယ်၊ စံပြ(၂၀)ရပ်ကွက်၊ ဝေပုလ္လ(၁)လမ်း၊ အမှတ်(၅၄၃-က)နေ မခင်သင်းချို၏ခင်ပွန်း၊မသင်းသင်းဟန်၏ဖခင်သည် ၂၆-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄(စနေနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ဝေပုလ္လ-၁လမ်းနေအိမ်မှကားများ မွန်းလွဲ၁၂:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

ဦးစောမောင်(၇၄)နှစ်

စက်မှုဌာန(ငြိမ်း)မြန်မာ့ဆိပ်ကမ်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၄၁)၊ ပထမထပ်နေ (ဦးပျို-ဒေါ်ကျော့)တို့၏ သား၊ (ဦးကျော်သင်း-ဒေါ်ခင်သိန်း)တို့၏ ညီ/မောင်၊ (ဦးနီ)-ဒေါ်အုန်းအုန်းမြတ်၊ ဒေါ်တင်မြင့်၊ ဦးကြည်မြင့် (CE)-ဒေါ်ကေခိုင်သင်းတို့၏ အစ်ကို၊ (ဒေါ်မြမြစိုး)၏ ခင်ပွန်း၊ တူ၊ တူမ ၁၃ယောက်တို့၏ ဦးကြီး၊ မြေး ၂၀ ယောက်တို့၏ အဘိုးသည် ၂၆-၈-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄ ရက် မွန်းလွဲ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နော်မငွေး(၅၂)နှစ်

အလယ်တန်းပြဆရာမ(ငြိမ်း)

(လက်ပံရွာ/တဲကြီးကုန်း)

ဧရာဝတီတိုင်း၊မြန်အောင်မြို့နယ်၊ လက်ပံရွာ (တဲကြီးကုန်း)နေ (ဦးလှရွှေ)-ဒေါ်သန်းစိန်တို့၏သမီး၊ ဦးငွေးဝင်း ၏ ဇနီး၊ မစုစုသော်(၃-နှစ်၊စီးပွားရေး တက္ကသိုလ်)၏ မိခင်၊ ဦးသန်းဝင်း-ဒေါ်ညွန့်တို့၏ အစ်မ၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)၊ (၁/၁၀)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ဦးအေးစိုး-ဒေါ်သန်းသန်းစိုး၊ မစပါယ်တို့၏အဒေါ်သည် ၂၆-၈-၂၀၀၄ရက်တွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၈-၈-၂၀၀၄ (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးဂြိုဟ်ပါမည်။ (လှိုင်သာယာမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊တံတား ရဟန်းအမကြီး

ဒေါ်ကြော့(ခ)

ခေါ်ကကျော့ရ(၉၉)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၉)နေ (ဦးကျင်မောင်)၏ဇနီး၊ ဦးလှ-ဒေါ်လှမြင့်၊ (ဦးထရံစိမ်း-ဒေါ်ချစ်)၊ ဦးထရံပို့(ခ)ဦးမြင့်ဦး-ဒေါ်ယုံ၊ ဦးငွေးဝင်း-ဒေါ်နှင်းရီ၊ ဦးညွန့်ဟန်-ဒေါ်ကျင်ရီ(ခ) ဒေါ်အန်းကောက်တို့၏မွေးသမိခင်၊ မြေး၊မြစ်၊ တီ၆၉ယောက်တို့၏ အဘွားသည် ၂၇-၈-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၉-၈-၂၀၀၄ရက် နံနက်၉:၃၀နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှဖေ (၈၈)နှစ်

ဦးစီးမှူး-စာရင်းစစ်အငြိမ်းစား

ကျိုက္ကစံရပ်ကွက်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ်(၉၁၇)နေ ဒေါ်ဘောဘီ၏ ခင်ပွန်း၊ ဒေါ်ညိုညို၏ အစ်ကို၊ ဦးတင်ဖေ-ဒေါ်စိန်မြင့်၊ ဒေါ်စိန်စိန်၊ ဒေါ်သန်းသန်းဦး၊ ဦးလှသိန်း-ဒေါ်တရုတ်မ၊ ဦးမျိုးသိန်း-ဒေါ်အေးမေ၊ ဦးခင်မောင်မြင့်(ရေနံ/သယ်ပို့)-ဒေါ်ခင်ခင်ဆွေ(ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ကြီးများရုံး)၊ (ဒေါ်ခင်အုန်းမြင့်)၊ ဦးလှငွေး-ဒေါ်စန္ဒာထွေးတို့၏ ဖခင်၊ ဒေါ်ယဉ်ဆွေမြင့်(ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)၊ ဒေါ်တင်ဆွေမြင့် (အမက-၂၊ဒဂုံအရှေ့ပိုင်း)၊မြေး၁၇ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၈-၈-၂၀၀၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဝင်းမြ(၅၃)နှစ်

(ရေကျော်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊မြောင်းကြီးလမ်း၊ အမှတ်(၈၂)နေ ဦးကြည်-(ဒေါ်သန်းစိန်)တို့၏ သား၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ မောင်ရဲလင်းမောင်၊ မောင်ကျော်သူဝင်း၊ မသိမ့်ရွှေဇင်ဝင်း၊ မောင်ညီညီဇော် (အထက-၄၊ ပုဇွန်တောင်)တို့၏ ဖခင်၊ ဦးလှသိန်း-ဒေါ်ခင်သန်းဦးတို့၏ ညီ/မောင်၊ မောင်ဇေယျာဦး၊ ဗိုလ်လောင်းမိုးမြင့်ကျော်(DSTA)တို့၏ ဦးလေးသည် ၂၆-၈-၂၀၀၄ရက်တွင် ကွယ်လွန် ပါ၍ ၂၈-၈-၂၀၀၄(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ

ဒေါ်ခင်မြမွန်(၄၉)နှစ်

ရန်ကုန်မြို့နေ ဦးသန်းစိန်-ဒေါ်နုကြည်တို့၏သမီး၊ မအူပင်မြို့နေ (ဦးဉာဏ်တင်-ဒေါ်ကျင်ရီ)တို့၏ သမီးချွေးမ၊ ပျဉ်းမနားမြို့နေ ဦးရဲမြင့်-ဒေါ်ကျင်အေး၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဦးကျော်သိန်း-ဒေါ်ခင်မြလွင်တို့၏ချစ်လှစွာသောညီမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း မြန်မာ့အသံဝန်ထမ်းအိမ်ရာ၊ အခန်း(၇)၊ တိုက်(၄)နေ ဦးစိန်ရဲ(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးမင်း-ဒေါ်ဖြိုးဖြိုးမြင့်(MRTV-3)၊ ဦးကိုကိုကြီး-ဒေါ်အေးသီတာခိုင် (MRTV-3)၊ ဦးကိုကိုလေးတို့၏ချစ်လှစွာသော မွေးသမိခင်သည် ၂၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ပိုင်(၄၈)နှစ်

ရန်ကုန်မြို့၊ဒဂုံတောင်(၇၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊အမှတ်(၇၄၅/က)နေ ဦးခင်မောင်ငွေး၏ ဇနီး၊ (ဦးအောင်ကြည်)-ဒေါ်ခင်စုတို့၏ သမီးလတ်၊ ဒေါ်ညွန့်ညွန့်သန်း(ပြည်တွင်းရေကြောင်း)၏ ညီမ၊ ဦးတင်အေး-ဒေါ်ယဉ်ယဉ်အေး၊ ဦးမျိုးသိန်း-ဒေါ်ဝါဝါပြုံး၊ ဦးဝင်းဇော်-ဒေါ်လှလှမြိုင်၊ဦးလှမျိုး-ဒေါ်ခင်သော်တာဝင်းတို့၏အစ်မ၊ တူ၊တူမငါးယောက်တို့၏ အဒေါ်သည် ၂၆-၈-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၂၈-၈-၂၀၀၄ (စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ဒါယိကာမကြီး

ဒေါ်လှ(၉၇)နှစ် (ပြည်၊ပေါက်ခေါင်း)

ပဲခူးတိုင်း၊ပေါက်ခေါင်းမြို့နေ (ဦးစံဖေ-ဒေါ်သုက်တာ)တို့၏သမီး၊ ပြည်မြို့၊ အမှတ်(၄၇၈)၊တပ်လမ်းနေ(ဦးကြွယ်)၏ဇနီး၊ (ဗိုလ်မှူးအုန်းမြင့်၊ငြိမ်း-ဒေါ်ညွန့်ညွန့်ရီ)၊ ဗိုလ်မှူးရဲဝင်း(ငြိမ်း)-ဒေါ်မြမြ၊ ဦးသန်းမြင့်-ဒေါ်ခင်ငွေး၊ (ဗိုလ်မှူးသိန်းမြင့်၊ငြိမ်း)-ဒေါ်ယဉ်ယဉ်မြ၊ (ဦးကြည်မြင့်)-ဒေါ်ညွန့်ညွန့်၊ ဦးစိုးမြင့်-ဒေါ်ခင်ဆန်းရီတို့၏ မွေးသမိခင်၊ ဦးထွန်းမြင့်၊ ဦးထွန်းလွင်-ဒေါ်တင်တင်မြင့်၊ ဦးသောင်းမြင့်၊ ဒုတိယဗိုလ်မှူးကြီးမြင့်စိုး-ဒေါ်ဆွေဆွေမြင့်၊ ဒေါ်သက်သက်မြင့်၊ ဒေါက်တာဇင်မြင့်-ဒေါ်သီတာ၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇံမြင့်-ဒေါ်ခင်ရဲမွန်၊ ဦးကျော်ခိုင်မြင့် (PIL Shipping)-ဒေါ်တင်တင်ငွေး၊ဒေါ်မာလာမြင့်(အလက-၅၊မရမ်းကုန်း)၊ဦးကျော်ဟန်မြင့်၊ ဦးကျော်သူမြင့်၊ဦးတင်ထွန်း (ပြည်မြို့ စည်ပင်)-ဒေါ်အေးအေးမြင့်၊ဦးဇော်မြင့်၊ ဦးဇော်မျိုးမြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်မျိုးမြတ်မြတ်အေး၊ မနှင်းယဉ်မြင့်၊ (ဦးအောင်ဆန်းမြင့်)၊ ဦးကျော်စိုးမြင့်၊ ကိုကျော်ကျော်မြင့်၊ ကိုကျော်မိုးမြင့်၊မဖြူလေးမြင့်၊ကိုဖြိုးဇင်မြင့်တို့၏အဘွား၊ မြစ် ၁၅ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၈-၂၀၀၄(ကြာသပတေးနေ့)နံနက် ၈:၄၅နာရီတွင်ပြည်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄(စနေနေ့)မွန်းလွဲ ၂နာရီတွင် ကန်သာဦးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ဇရပ်အမကြီး

ဒေါက်တာဒေါ်ခင်သင်းရီ (May Maung) (၇၄)နှစ်

သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဇောတိရိပ်သာလမ်း၊ (၄၂-က)နေ (သခင်ဘမောင်-ဒေါ်စိန်)တို့၏ တစ်ဦးတည်းသောသမီး၊ ပါမောက္ခ ဒေါက်တာမြသောင်(ဆီးနှင့်ကျောက်ကပ်ခွဲစိတ် အထူးကုဆရာဝန်ကြီး၊အတိုင်ပင်ခံ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးရုံကြီးများ)၏ ချစ်လှစွာသော ဇနီး၊ (ဦးပါငယ်)၊ (ဦးစိုးတင့်)တို့၏ ညီမ၊ ဗိုလ်မှူးဇော်ဝင်းအောင်(ငြိမ်း)၊ (ညွှန်ကြားရေးမှူး၊ငြိမ်း၊ Director,Pole Star Survey Co.,Ltd)-ဒေါ်ဦးဦးမြ၊ ဒေါက်တာခင်မောင်ဖြူ(A&O Co.,Ltd)-ဒေါ်မွန်မွန်မြ၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်လှ-ဒေါ်အိအိမြ၊ ဦးစိုးမင်း-ဒေါက်တာခိုင်ရီမြ(ခေတ္တ- စင်ကာပူ)၊ ဦးအောင်ကျော်မြ (MD, Aurora Coporation,Japan)-ဒေါ်ချိုလှမြင့်၊ (ဦးဝင်းမြ)-ဒေါ်အေးအေးကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၇-၈-၂၀၀၄(သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ၂-၉-၂၀၀၄ရက်နံနက် ၇နာရီမှ ၁၀ နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်တင်လှ(၇၉)နှစ်

ပခုက္ကူမြို့၊အရာတော်ကျေးရွာနေ (ဦးလှရွှေ)၏ဇနီး၊ ချောက်မြို့၊ အမှတ်(၇)ရပ်ကွက် နေ (ဦးမောင်မောင်ဝင်း)-ဒေါ်စန်းမြင့်(ဖြိုးနိုင်ဖြိုးဆန်ပွဲရုံ)၊ ဦးဝင်းရွှေ-ဒေါ်မြမြတို့၏မိခင်၊ မောင်ဆန်းဝင်းမောင်၊ မဝင်းလဲ့ဖြိုး၊ မောင်သန်းနိုင်စိုး၊ မောင်ဆန်းဝင်းဖြိုး၊ မောင်ထင်ကျော်ဖြိုး၊ မောင်ကျော်ဇေယျတို့၏ အဘွားသည် ၂၄-၈-၂၀၀၄(အင်္ဂါနေ့)ည၁၀နာရီတွင် ကွယ်လွန်ပါ၍ ၂၅-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)ညနေ၄နာရီတွင်ချောက်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်သန်း(ခ)ဒေါ်သောင်း

အသက်(၆၈)နှစ်

လဝက(အငြိမ်းစား)၊ (တာမွေ)

ရန်ကုန်မြို့နေ (ဦးထွန်းစိန်-ဒေါ်ကျင်မြိုင်)တို့၏သမီးထွေး၊ ဦးစိုးလှိုင်(အင်္ဂလိပ်စာ) ၏ဇနီး၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ တိုက်(၁၃)နေ ဦးနိုင်စိုးဦး(ဒုလဝကမှူး၊ရုံးချုပ်) - ဒေါ်မြင့်မြင့်သိန်း(ဒုလဝကမှူး၊ရုံးချုပ်)တို့၏ မိခင်သည် ၂၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၈-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁:၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးငြိမ်းမောင်(၆၆)နှစ်

အလုံသဘောကျင်း-ငြိမ်း

ကျိုက်လတ်မြို့နေ(ဦးမြိုင်-ဒေါ်ဖွားလုံ)တို့၏သားကြီး၊ အင်းတကော်မြို့နယ်၊ သာယာကုန်းကျေးရွာနေ (ဦးဘခင်-ဒေါ်မယ်မြ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(၁၅)၊တနင်္သာရီလမ်း၊ (၁၈)ရပ်ကွက်နေ ဒေါ်သောင်းတင်၏ခင်ပွန်း၊ ကိုမောင်မောင်တင်၊ မငွေးငွေး၊ကိုသန်းလွင်၊ မအေးအေးသင်း၊မန္တန္တအေး၊ မောင်သောင်းနိုင်ထွေး၊ မောင်ဇင်လင်းထိုက်၊ မောင်ဝင်းမင်းထိုက်တို့၏မွေးသဖခင်သည် ၂၆-၈-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်ပါ၍၂၈-၈-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးမောင်မြင့်(၇၇)နှစ်

(OTS-98)

မြို့နယ်အခွန်ဦးစီးမှူး၊ ဂွမြို့နယ်

မန္တလေးမြို့၊ ပတ္တမြားရပ်ကွက်နေ (ဦးလေးသောင်း) - ဒေါ်ခင်ညွန့်တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်၅၇၁၊ (၆)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်လေး)-ဒေါ်အေးမိတို့၏ သားသမက်၊ဒေါ်အေးအေးခိုင်(ငါးလုပ်ငန်းဦးစီးဌာန၊ ငါးပြတိုက်)၏ ခင်ပွန်း၊ မောင်လင်းမောင်မြင့်၏ဖခင် ဗိုလ်ကြီးမောင်မြင့်သည် ၂၆-၈-၂၀၀၄ရက်တွင် တပ်မတော်ဆေးရုံကြီး ကုတင် ၁၀၀၀ ၌ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄ ရက် ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ၂:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်တင်အေး အသက်(၇၀)

ရန်ကုန်တိုင်း၊အမှတ်(၃)၊ ဇာဒက်ကြီးကျွန်းလမ်း၊ (၁၈/E)ဒဂုံမြို့သစ်တောင်ပိုင်းနေ (ဦးထွန်းခင်-ဒေါ်သဲခင်)တို့၏ သမီး၊(ဦးကျော်ဟန်-ဒေါ်ဖွားသီ) တို့၏ သမီးချွေးမ၊ဒေါ်လှအေး၏ညီမ၊ ဒေါ်ကျင်သောင်း၏အစ်မ၊ဦးအောင်မြင့်(မန်နေဂျာ၊ ငြိမ်း၊ ကုန်လုပ်ငန်းဌာန၊ ဆိပ်ကမ်းအာဏာပိုင်)၏ ဇနီး၊ ဒေါ်အေးအေးသန်း (အလပြ၊ အမက-၅တောင်ဒဂုံ)-ဦးသိန်းဝင်း(AWPM)၊ဒေါ်လဲ့လဲ့ဝင်း-ဦးသန်းဦး(BSN)(Uniteam)၊ ဦးစိုးရဲ(2nd Mate FG Lizstar)- ဒေါ်နီလာမျိုးဦး၊ ဒေါ်အိအိခင်-ဦးတင်မောင်မြင့်၊ ဒေါ်မြင့်သူဇာ (AWPM)၊ မလှသဒ္ဒါ (AWPM) (1st Japanes UFL)တို့၏မိခင်၊ ထူးနန္ဒာဦး (G-VII၊ ထ-၂၊ လသာ)၊အိသန္တာဖြိုး(G-IV၊ထ-၂၊လသာ)၊ အုပ်စိုးရ (KG၊ ထ-၁၊ဒဂုံ)၊ မြင့်မြတ်နိုးအောင် တို့၏ အဘွားသည် ၂၆-၈-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၈-၈-၂၀၀၄(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရဲမြင့် (၅၆)နှစ်

မြန်မာ့ရေနံ (ခရီးတော)

(သဲကုန်း)

ပဲခူးတိုင်း၊သဲကုန်းမြို့နယ်၊ချောင်းကမ်းကုန်းရွာနေ ဦးအောင်ပ-(ဒေါ်သန်းမြ) တို့၏သား၊(ဦးကျင်ရှောင်-ဒေါ်အောင်) တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၄၀) (၁၂၆)လမ်းနေဒေါ်လေးသင်း၏ ခင်ပွန်း၊ ဦးချစ်ဆွေ၊ မတင်တင်ဝင်း၊ ဦးမြင့်ဆွေ၊ ဒေါ်ခင်လှမြင့်၊ ဦးဆွေမြင့်၊မတင်တင်အေးတို့၏အစ်ကို၊မောင်ရဲသင်းဦး၊ မလင်းလင်းအောင်၊ မောင်ရဲသင်းလတ်၊ မခင်နီအေး၊ မဝါဝါမြင့်၊ မောင်သန်းဝင်းလှိုင်၊ မသော်တာဝင်း၊မောင်ရဲဝဏ္ဏတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၈-၂၀၀၄(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးစန်းလွင်(၅၅)နှစ်

စာရေးဆရာ-ကျိုက်ထီးရိုးစန်းလွင်

ရန်ကုန်မြို့၊ အမှတ်(၇)၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းရွှေ-ဒေါ်အေးမြင့်)တို့၏ သားကြီး၊ ဦးအေးလွင်(မြန်မာမီးရထား)၊ ဒေါ်ခင်နွဲ့ရီ၊ ဦးမြင့်လွင်(မြန်မာမီးရထား)-ဒေါ်သီတာ၊ ဦးသက်လွင် (မြန်မာမီးရထား)-ဒေါ်မြင့်မြင့်အေး (မြန်မာမီးရထား)၊ ဒေါ်ခင်လှရီ၊ (ကိုဉာဏ်လွင်)၊ ဒေါ်ခင်ပြုံးရီ၊ ကိုကျော်မင်းလွင်၊ ကိုဟန်မင်းလွင်တို့၏အစ်ကိုကြီးသည်၂၆-၈-၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၈-၈-၂၀၀၄(စနေနေ့) ညနေ ၃:၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂:၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဇဋိလ

ဝေဠုဝန်နိကာယဂဏရက္ခိတ

ရန်ကုန်တိုင်းဝေဠုဝန်နိကာယ ဝိနယပရိယတ္တိစာမေးပွဲဥက္ကဋ္ဌ

သိက္ခာတော်(၆၄)ဝါ၊သက်တော်(၈၄)နှစ်

ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဇဋိလဆရာတော်ကြီးသည် (၁၃၆၆ခုနှစ်၊ဝါခေါင်လဆန်း ၁၁ရက်)၊၂၆-၈-၂၀၀၄ရက်နံနက်၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ရက်)၊ ၁-၉-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ဝေဠုဝန်ကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင်ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ဝေဠုဝန်နိကာယဂိုဏ်းဝင်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီ၊ ဝေဠုဝန်ကျောင်းတိုက်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်မြစိန် အသက်(၉၀) (တောင်တွင်းကြီး)

တောင်တွင်းကြီးမြို့၊ဒက္ခိဏကျောင်း မြောက်ဘက်၊ တောင်မြင်(၁)ရပ်နေ (ဦးလူမောင်-ဒေါ်သီ)တို့၏သမီး၊ (ဦးသာစိန်)၏ ဇနီး၊ ဦးအောင်သိန်း-(ဒေါ်အုန်းရင်)တို့၏ အစ်မ၊ ဦးတင်ရွှေ(လ/ထညွှန်မှူး-ငြိမ်း)-ဒေါ်ညိုမြ၊ ဦးစိန်လွင် (အကောက်ခွန်မှူး-ငြိမ်း)-ဒေါ်ကျင်စွမ်၊ ဦးစိုးတင့်-ဒေါ်ခင်မြင့်၊ ဦးလှမြင့်၊ ဇာလီတောင်တာဝန်ခံဝန်ဆောင်ဆရာတော် ဦးဝဇီရဗုဒ္ဓိ၊ (ဦးမိုးမြင့်)-ဒေါ်ဝင်းကြည်တို့၏ မိခင်၊မြေး ၁၆ယောက်၊မြစ်သုံးယောက် တို့၏အဘွားသည် ၂၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀နာရီတွင် တောင်တွင်းကြီးမြို့ မြို့မသုသာန် သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်တင်အေး အသက်(၇၀)

ရန်ကုန်တိုင်း၊ အမှတ်(၃)၊ ဇာဒက်ကြီးကျွန်းလမ်း၊ (၁၈/E)၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ (ဦးထွန်းခင်-ဒေါ်သဲခင်)တို့၏သမီး၊ (ဦးကျော်ဟန်-ဒေါ်ဖွားသီ)တို့၏ သမီးချွေးမ၊ ဦးအောင်မြင့်(မန်နေဂျာ၊ ငြိမ်း၊ ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ ဇနီး၊ ဦးလှမြင့် (ဒေါ်တင်ကြည်)၊ (ဦးမောင်ဉာဏ်-ဒေါ်တင်မီ)၊ဒေါ်လှလှအေး တို့၏ ညီမ၊ ဒေါ်ကျင်သောင်း၊ ဦးမြကြိုင်-ဒေါ်အေးအေးသန်း၊ ဦးမြအေး-(ဒေါ်မြကျင်)၊ ဦးအေးမြိုင်-ဒေါ်အေးကြည်၊ ဦးမျိုးခင်(ခ)ဦးမြတ်ချိုတို့၏အစ်မသည် ၂၆-၈-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄(စနေနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နော်ဝါးဝါး(၆၂)နှစ်

(ကလော)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ တိုင်းရင်းသား နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှ သိက္ခာတော်ရ ဆရာကြီး (ဦးသောမတ်စ်ပုလေး - ဒေါ်နော်အေးချို)တို့၏ သမီး၊ ကလောမြို့၊ (၁၀)ရပ်ကွက်၊ အမှတ်(၈၄)နေ ကင်နွန်တီဗင်ပါးအီ၏ ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ယဉ်ယဉ်အေး၏အစ်မ၊ စောစဂျေလှ(ထွေဦးစီး၊ ပင်လုံမြို့)-နော်ဖြူဖြူနိုင်၊ နော်ကေသီလေး(ဗဟိုစည်ဆေးခန်း)၊ နော်ယုဇင်သီလေး၊ နော်ချိုသီလေး(ပင်လုံ တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ နော်အက်စ်တာလေး၊ နော်ရှလေးတို့၏ အဒေါ်သည် ၂၆-၈-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၈-၈-၂၀၀၄(စနေနေ့) မွန်းလွဲ၁နာရီတွင် ကလောမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ယုဝေ (မိတ္ထီလာ)

အသက် (၅၀)

မိတ္ထီလာမြို့နေ ဦးသန်းအောင် (တပ်မတော်-လေ၊ငြိမ်း) - ဒေါ်ကျင်စိန်တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် (၃၅၇)၊ အခန်း(၅)နေ (ဦးလှထွန်း - ဒေါ်သန်းသန်းဝေ)တို့၏ သမီးချွေးမ၊ အိမ်ထောင်သည်ရိပ်သာ လိုင်းဟောင်း ၁၄/၁၃ နေ တပ်ကြပ်ကြီး ထွန်းဝေ(တပ်မတော်-ရေမင်္ဂလာဆိုင်း)၏ ဇနီး၊ မဝေယမင်း(အောင်သီဟလုပ်ငန်း)၊ မောင်ချမ်းဝေထွဋ် (ပွင့်ဦးကုမ္ပဏီ)၊ မောင်ဇေယျာထွန်းဝေ (၃-နှစ်၊ ဂီတ-ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန်)၊ မောင်အောင်ပိုင်ဆွေး (X-B၊ ထခွဲ-၂၊ အလကဗိုလ်တထောင်)တို့၏ မိခင်သည် ၂၄-၈-၂၀၀၄ရက်တွင် အမှတ်(၂)စစ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာကြီးစောဝီလ်ဆင်သိန်း

အသက်(၈၄)နှစ်

(သန်လျင်)

ရန်ကုန်တိုင်း၊သန်လျင်မြို့၊အမှတ်(၅၀)၊ ရွှေဝါလမ်း၊ အမှုထမ်းရပ်ကွက်နေ (ဦးမောင်သိန်း-နော်စေးရာ)တို့၏ သားကြီး၊ ဒေါ်နော်ကြည်၏ခင်ပွန်း၊ စောတင်မိုး-နော်ဂျူးဘဲလ်၊ ဆရာမ နော်အဲဗလင်သိန်း(အငြိမ်းစားသူနာပြု ဆရာမကြီး၊ မြောက်ဥက္ကလာပဆေးရုံ)၊ နော်ထူးဖောသိန်း-စောပေါလ်၊ သိက္ခာတော်ရ ဆရာ ရှော့ကီသိန်း - ဆရာမနော်မူအယ်ဒင်၊ (ဆရာမနော်ဖရီဒါသိန်း) တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ သန်လျင်ကရင်နှစ်ခြင်း ဘုရားရှိခိုးကျောင်းတွင် ၂၈-၈-၂၀၀၄ (စနေနေ့) နံနက် ၁၀ နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး ပျဉ်ထောင်ကျောင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်အုန်း(၇၇)နှစ်

(စစ်ကွင်း)

စစ်ကွင်းမြို့၊ လမ်းမတော်လမ်းနေ (ဦးဘအို-ဒေါ်တင်အေး) တို့၏သားကြီး၊ (ဦးမောင်လှ-ဒေါ်ကျင်)၊ (ဦးစံဝင်း)-ဒေါ်နွဲ့ရီ၊ (ဦးဝင်းနီ)-ဒေါ်ခင်စိုးမြင့် တို့၏ အစ်ကို၊ ဒေါ်ရင်ရင်မြ၊ ဦးအောင်ကျော်ညွန့်-ဒေါ်လေးလေးတင် (အမှတ်-၂၊သတ္တုတွင်းလုပ်ငန်း)၊ ဦးသက်ဇော်ဝင်း၊ ဒေါ်ခင်မွန်ဝင်း၊ ဦးသက်ကျော်ဝင်း၊ ဦးသုတင်း၊ ဒေါ်ငွေဖြူဝင်း၊ ဒေါ်ခင်ကျော့ဝင်း၊ ဒေါ်သစ်သစ်ဝင်း၊ ဒေါ်အေးအေးအောင်၊ ဦးမင်းကြည်တို့၏ဘကြီး၊ မပွင့်ဖြူအောင်၊ မမျိုးသိင်္ဂီကျော် တို့၏ အဘိုးသည် ၂၆-၈-၂၀၀၄ရက်တွင်အမှတ်(၂၄၅/၂)၊၉၆လမ်း(အထက်)၊သတ္တုတွင်းဝန်ထမ်းအိမ်ရာ၊ ကျောက်တံတားမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄(စနေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက်၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

Baby မဥ္ဇူစိုးမြင့်

အသက် (၈)ရက်

ရန်ကုန်မြို့၊ အမှတ်(၈၉)၊ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ၊ (ဦးမိုက်ကယ်စိုးမြင့်) - ဒေါ်မာမာတင်တို့၏မြေး၊ ဦးမင်းသက်တင်-ဒေါ်ချိုနွယ်ဦး၊ ဦးလင်းထင်မိုး၊ ဦးတင်အောင်မိုး၊ ဦးဝင်းထိန်မိုးတို့၏တူ၊ရန်ကုန်မြို့၊ အမှတ်(၁၂၉)၊ (၃၄)လမ်း၊ ကျောက်တံတားမြို့နယ်နေ ဂီတစာဆို (ဦးကျော့မှူး)-ဒေါ်မြင့်ကြည်တို့၏ မြစ်၊ ဦးကိုကိုဇော်-ဒေါ်အေးမီချင်တို့၏ မြေး၊ ဦးဆလိုင်းဇော်ရဲလျှံ-ဒေါ်မဥ္ဇူစိုးမြင့်တို့၏ သားဦး၊ ဦးဆလိုင်းဇော်ဇော်အောင်-ဒေါ်ခင်နှင်းအေး၊ မခိုင်ရတနာဇော်တို့၏ တူသည် ၂၇-၈-၂၀၀၄ရက်တွင် ကလေးဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၈-၈-၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင် ကလေး ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (၃၄ လမ်းနေအိမ်မှ ကားများ နံနက် ၁၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၃၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၁၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုထားသော သဘောတူစာချုပ် များစွာရှိနေ သဘောတူစာချုပ်များ အမြန်ဆုံးအကောင်အထည်ပေါ်ဖြစ်ထွန်းလာရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ အိမ်နီးချင်းနိုင်ငံများ၊ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်သည်နှင့်အမျှ များစွာအကျိုးဖြစ်ထွန်းမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာ–တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီ

လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့်

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–တရုတ် သဘောတူစာချုပ်များ အကောင်အထည် ဖော်ရေးနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့် ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဩဂုတ် ၂၅ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မိုင်တိုင်အမှတ် (၃၃/၄)နှင့် (၃၃/၅)အကြားရှိ သင်ချောင်း တံတားကို ကြည့်ရှုစစ်ဆေးပြီး တံတား တာရှည်ခိုင်ခံ့အောင် ကြံ့ခိုင်မှုများပြုလုပ်ရန် တာဝန်ရှိသူများအား မှာကြားစဉ်။

(သတင်း–၁၀)(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror သတင်း၊ဆောင်းပါးအညွှန်း

မြန်မာအသင်းကြီး (ယူကေ) သည်ဗြိတိန်နိုင်ငံရောက် မြန်မာလူမျိုးများ၊ မြန်မာပြည်ဖွား နိုင်ငံခြားသားများ၊မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံအပေါ် စိတ်ကောင်း စေတနာကောင်း ရှိကြသည့် နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် လူမှုရေးအသင်းကြီးဖြစ်သည်။

(စာ–၂)

မကြုံစဖူး ထူးထူးကဲကဲ ရရှိထားသောငြိမ်းချမ်းတည်ငြိမ်မှု၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများ၏ ပကတိ အဖြူရောင်ကို ပြည်ပြေး (ဝါ) ပုဆိန်ရိုး (ဝါ) ကိုယ့်ကိုယ်ကို ဒီမိုကရေစီ လှုပ်ရှားသူ နာမည်ခံပြီး နယ်ချဲ့ကြေးစားဘဝ ရောက်ရှိနေသော အမျိုးသားသစ္စာဖောက်များက အမည်းရောင်ဟုဆိုနေကြပေသည်။

မောင်ပွင့်လင်း၏ "အဖြူကို အမည်းဟု မြင်နေကြသူတို့အကြောင်း" ဆောင်းပါး (စာ–၃)